# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် တွေ့ဆုံဆွေးနွေးနေစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirsk မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ နံနက်ပိုင်းတွင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲ Mr. Andrey Alexandrovich Travnikov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်တို့ တက်ရောက်ကြပြီး Novosibirsk အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ Higher Military Command School ကျောင်းအုပ်ကြီး၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှုနှင့် ပွင့်လင်းမှုဂုဏ်ရည်

ဖြောင့်မတ်ခြင်းဟူသည် ကွေ့ကောက်၊ လိမ်လည်၊ လှည့်ဖြားခြင်းတို့ မရှိ၊ ပကတိရိုးသားမှန်ကန်ခြင်းပင်ဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် လူတိုင်းတွင်ရှိသင့်သည့် ဂုဏ်ရည်တစ်ခုဖြစ်သည့်အားလျော်စွာ လူတို့အား ဖြောင့်မတ်ရန်၊ လွန်စွာဖြောင့်မတ်ရန် ဗုဒ္ဓမြတ်စွာဘုရားက သွန်သင်ဆုံးမတော်မူခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရယူရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်ပွင့်လင်းသော ဦးဆောင်မှုကို ယုံကြည်၍ တိုင်းရင်းသားခေါင်းဆောင်များ တညီတညွတ်တည်း လိုက်ပါခဲ့ကြခြင်းဖြစ်သည်။

“အောင်ဆန်းအား ကျွန်ုပ်အနေဖြင့် ရတ်ခြည်းအထင်ကြီးသွားစေသည့်အကြောင်းကား သူ၏ပင်ကိုစရိုက်မှ ရိုးသားဖြောင့်မတ်မှု၊ ပွင့်လင်းမှုများ ပေါ်လွင်ထင်ရှားနေခြင်းပင်ဖြစ်၏။ အောင်ဆန်းသည် ငါတို့နှင့် အလုပ်လုပ်၍ ဖြစ်နိုင်မည့် လူကောင်းတစ်ယောက်ဟူ၍ ကျွန်ုပ်စိတ်ထဲ မှတ်ချက်ချလိုက်မိတော့သည်”ဟု ဗြိတိသျှအမှတ် ၁၄ စစ်တပ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆာဝီလျံဆလင်းက ၎င်း၏ “အရှုံးမှ အနိုင်သို့” အမည်ရှိသော စစ်မှတ်တမ်းစာအုပ်တွင် ရေးသားခဲ့သည်။ ဆာဝီလျံဆလင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့တပ်မတော်တို့ကို ဂျပန်နှင့် ပူးပေါင်းသူအဖြစ် အထင်သေးခဲ့သူဖြစ်ပြီး မိတ္ထီလာမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပထမဆုံးအကြိမ် တွေ့ဆုံပြီးနောက် ယင်းကဲ့သို့ အမြင်ပြောင်းသွားခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအား ထိုခေတ်ပြည်သူလူထုက ကြည်ညိုလေးစားကြသည်ဆိုရာတွင် လူငယ် လူကြီး၊ တောရောမြို့ပါ၊ မြေပြန့်လူထုသာမက ကချင်၊ ကရင်၊ ချင်း၊ ရှမ်းတိုင်းရင်းသားသွေးချင်းသားချင်းတို့ကပါ အကြွင်းမဲ့လေးစား ကြည်ညိုခဲ့ကြခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် တိုင်းပြည်ပြုလွှတ်တော်တွင် ကချင်ခေါင်းဆောင် ဆမားဒူဝါဆင်ဝါးနောင်၏ ပြောကြားချက်၌ “ဗိုလ်ချုပ်၊ ဗိုလ်ချုပ်ဟာ ကချင်အမျိုးသား တစ်ဦးနဲ့တူပါတယ်၊ ကျွန်တော်တို့ ကချင်လူမျိုးတွေလိုပဲ ဗိုလ်ချုပ်ဟာ ရိုးသားဖြောင့်မတ်တယ်၊ ပြောစရာရှိရင်လည်း သွယ်ဝိုက်မပြောဘဲ ဖြောင်ကျကျ တဲ့တိုးကြီးပဲ ပြောတတ်တယ်၊ အဲဒါကိုယ်တိုင်က ဗိုလ်ချုပ်ဟာ ကျွန်တော်တို့ ကချင်တွေနဲ့ စရိုက်ချင်းတူနေပါတယ်” ဟူ၍ ဗိုလ်ချုပ်အား ဆမားဒူဝါကြီးက ပြောကြားလေ့ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ခေတ်တွင် တစ်ယောက်ရှားပါးစွာ ပေါ်ထွန်းခဲ့သည့် ထူးခြားသော ကိုယ်ရည်ကိုယ်သွေးတို့နှင့် ပြည့်စုံသောခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဗိုလ်ချုပ်၏ ရိုးသားဖြောင့်မတ်မှုနှင့် ပွင့်လင်းမှုတို့ကို ၎င်းနှင့်ထိတွေ့ဆက်ဆံခဲ့ဖူးကြသည့် အင်္ဂလိပ်နှင့် ဂျပန်စစ်ဘက်ခေါင်းဆောင်များ၊ နိုင်ငံရေးနယ်ပယ်၊ စာပေနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ အိန္ဒိယနိုင်ငံမှ ခေါင်းဆောင်များ စသည့် ပြည်ပမှပုဂ္ဂိုလ်များရော၊ ပြည်တွင်းမှ တိုင်းရင်းသား လူမျိုးခေါင်းဆောင်များကပါ အထူးတလည် ထုတ်ဖော်ပြောကြားခဲ့ရာ မျိုးဆက်သစ် လူငယ်လူရွယ်တိုင်းက အတုယူကျင့်ကြံနိုင်ကြပါစေကြောင်း။ ။

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော်  ဇူလိုင် ၁၆

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရှိရသည်။

သတင်းစဉ်

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက်စနစ်တကျ တပ်ဆင်ရန်။
➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
➢ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
➢ ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
➢ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
➢ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
➢ အစုလိုက် အလေးပြုသည့်အချိန်အား (၁၅) မိနစ်ထက် ပိုမကြာစေရန်။

## (၇၅)နှစ်မြောက် အာဇာနည်နေ့အကြို နံရံကပ်ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲပြုလုပ်

ကျောက်ဖြူ  ဇူလိုင် ၁၆

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် အာဇာနည်နေ့အကြို နံရံကပ်ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျောက်ဖြူခရိုင် ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အောင်တင်ကြည်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကိုကျောင်းသားကျောင်းသူများအား ဟောပြောသည်။

ထို့နောက် နံရံကပ်ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲ ခင်းကျင်းပြသထား၍ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

မြို့နယ်
(ပြန်/ဆက်)



(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် အလယ်တန်းအဆင့် ပြိုင်ပွဲများကို ဇူလိုင် ၁၆ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်ရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

လူမော် (ပြန်/ဆက်)

❒ *ရှေ့ဖုံးမှ*

ခရီးသွားလာရေးနှင့် အခြားနယ်ပယ်အသီးသီးမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် Novosibirsk ဒေသ၏ ပထဝီဆိုင်ရာ အချက်အလက်များအရ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန်တင်ပို့ ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ Novosibirsk နှင့် မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲပျံသန်းနိုင်မည့်အခြေအနေ၊ Novosibirsk ဒေသတွင် နယ်ပယ်ကဏ္ဍအသီးသီးမှ အဆင့်မြင့် တက္ကသိုလ်ပေါင်း ၂၂ ခု ရှိပြီး နိုင်ငံခြားသား သင်တန်းသားများကိုပါ လက်ခံသင်ကြားပေးလျက်ရှိသည့်အတွက် ပညာရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးနိုင်ရေးနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍအတွက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အခြေအနေ၊ ယဉ်ကျေးမှုနယ်ပယ်တွင်လည်း အပြန်အလှန်ဖလှယ် ဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စစ်ဘက်၊ နယ်ဘက်ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

### ပြဇာတ်ရုံများလေ့လာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည်လည်း Novosibirsk မြို့ Marriott Hotel အနီးရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk အစိုးရအဖွဲ့ အကြီးအကဲ Mr. Andrey Alexandrovich Travnikov အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ကမ္ဘာ့အကြီးဆုံး ပြဇာတ်ရုံများအနက် တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre သို့ ရောက်ရှိလေ့လာကြရာ ပြဇာတ်ရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပြဇာတ်ရုံဆိုင်ရာ အချက်အလက်များကို လိုက်လံရှင်းလင်းပြသကြသည်။

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novosibirskမြို့ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ Novosibirsk အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ Higher Military Command School ကျောင်းအုပ်ကြီး၊ တပ်မ ၄၁ ယာယီတပ်မမှူးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင် မန်းငြိမ်းမောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရ အရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြသည်။

ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလုဂါပြည်နယ် အတနာမီ ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကာ အနေကဇာတင်မင်္ဂလာအခမ်းအနားပြုလုပ်ခြင်း၊ စစ်ဘက်၊ အရပ်ဘက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ကြပြီး နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

### ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ညပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel A.KLABUKOV နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ Novosibirsk မြို့ရှိ ကမ္ဘာ့အကြီးဆုံးပြဇာတ်ရုံများအနက် တစ်ခုဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် Novosibirsk State Academic Opera and Ballet Theatre အတွင်း ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Novosibirsk မြို့သို့ရောက်ရှိ၊ Novosibirsk State University နှင့် Higher Military Command School တို့သို့ သွားရောက်လေ့လာ




**ကြိုဆို နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk မြို့ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။



**နေပြည်တော် ဇူလိုင် ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ပူကောဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် Novosibirsk မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Novosibirsk မြို့ Tolmachevo လေဆိပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများနှင့်အညီ ခင်မင်ရင်းနှီးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သိပ္ပံနှင့်နည်းပညာဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက်ဆိုင်ရာ ပြခန်းများ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ အသုံးချသင်္ချာနှင့် သတင်းအချက်အလက် နည်းပညာဘာသာရပ်၊ ဇီဝဗေဒ၊ ဘူမိဗေဒဆိုင်ရာ ဖော်ထုတ်တွေ့ရှိချက်များ၊ ခေတ်မီနည်းပညာဖြင့် နောင်တစ်ချိန် ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ကြိုတင်တွက်ချက်ထားရှိမှု ဖော်ထုတ်ချက်များ၊ ဓာတ်ခွဲခန်း သုတေသနခန်းနှင့် စာသင်ခန်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။ ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ တက္ကသိုလ်အစည်းအဝေးခန်းမတွင် Novosibirsk State University ၏ စာပေသင်ကြားပို့ချပေးနေမှုဆိုင်ရာ Video File ကို ဖွင့်လှစ်ပြသပြီး ပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံခြားသင်တန်းသားများကို လက်ခံသင်ကြားပေးနေမှု၊ အဆင့်မြင့်ဘွဲ့လွန်ပညာသင်တန်းများ၏ သင်ရိုးညွှန်းတမ်းအလိုက် သင်ကြားဆောင်ရွက်မှုအစီအစဉ်၊ ကျောင်းသား ကျောင်းသူများ

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Novosibirsk State University အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် Dr. Mikhail Petrovich Fedoruk နှင့် တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၄ မှ*

နေထိုင်ရေးအတွက် အဆောင်နှင့် အားကစားရုံများ ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ လာရောက်တက်ရောက်မည်ဆိုပါကလည်း အသင့်ကြိုဆိုမည်ဖြစ်သည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ရှင်းလင်းဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား စိစစ်ရွေးချယ်မှုအတွက် အရည်အချင်းသတ်မှတ်ချက်များ၊ မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသားများ စေလွှတ်တက်ရောက် ပညာသင်ကြားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Novosibirsk State University ပါမောက္ခတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Novosibirsk State University သည် ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကပိုင် သုတေသနတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် QS World University ၌ အဆင့် ၂၄၆ ရရှိခဲ့ကြောင်း၊ တက္ကသိုလ်တွင် လူမှုပညာရပ်ဆိုင်ရာဌာနခွဲ၊ ဆေးပညာနှင့် စိတ်ပညာဌာနခွဲ၊ ဒဿနိကဗေဒနှင့် ဥပဒေဌာနခွဲ၊ သင်္ချာနှင့် စက်မှုသိပ္ပံဌာနခွဲ၊ ရူပဗေဒဌာနခွဲ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနခွဲ၊ သဘာဝသိပ္ပံဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဌာနခွဲနှင့် လေ့ကျင့်ရေးဌာနခွဲတို့အပြင် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ကို ဒုတိယဘာသာစကားအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည့်ဘာသာစကား သင်တန်းများလည်းရှိကြောင်း သိရှိရသည်။

*စာမျက်နှာ ၆ သို့*

**❝ Novosibirsk State University သည် ၁၉၅၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကပိုင် သုတေသနတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် QS World University ၌ အဆင့် ၂၄၆ ရရှိခဲ့၊ တက္ကသိုလ်တွင် လူမှုပညာရပ်ဆိုင်ရာဌာနခွဲ၊ ဆေးပညာနှင့် စိတ်ပညာဌာနခွဲ၊ ဒဿနိကဗေဒနှင့် ဥပဒေဌာနခွဲ၊ သင်္ချာနှင့် စက်မှုသိပ္ပံဌာနခွဲ၊ ရူပဗေဒဌာနခွဲ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒဌာနခွဲ၊ သဘာဝသိပ္ပံဌာနခွဲ၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဌာနခွဲနှင့် လေ့ကျင့်ရေးဌာနခွဲတို့အပြင် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဂျပန်နှင့် တရုတ်ဘာသာစကားတို့ကို ဒုတိယဘာသာစကားအဖြစ် သင်ကြားပို့ချပေးလျက်ရှိသည့် ဘာသာစကားသင်တန်းများလည်းရှိ ❞**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk State University အတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Higher Military Command School ၌ ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များကို ကြည့်ရှုလေ့လာစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Novosibirsk မြို့ရှိ Higher Military Command School ၌ နိုင်ငံတော်အတွက် အသက်စွန့်လွှတ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ်ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုစဉ်။

*စာမျက်နှာ ၅ မှ*

**ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Higher Military Command School သို့သွားရောက်လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Major General Markochin Segeri Gregorivich နှင့် တာဝန်ရှိသူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ် ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများ ပစ်ခတ်စဉ် လေ့ကျင့်နေမှုများနှင့် ရုရှားတပ်မတော်မှ ထုတ်လုပ်ထားသည့် လက်နက်များနှင့် လက်နက်ချိန်ဆိုဒ်များကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားတပ်မတော်တွင် နှစ်ပေါင်း ၈၀ ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ရုရှားတပ်မတော်ထုတ် သမိုင်းဝင် လက်နက်ချိန်ဆိုဒ်ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Novosibirsk မြို့ အစိုးရအဖွဲ့အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်အဖွဲ့က ရိုးရာတေးသီချင်း၊ အကအလှများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Higher Military Command School အတွင်းရှိ လက်နက်ငယ်ပစ်ခတ်မှု Simulator ခန်းမ၌ သင်တန်းသားများ ပစ်ခတ်စဉ်လေ့ကျင့်နေမှုများကို ကြည့်ရှုလေ့လာစဉ်။

# စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများကာကွယ်နိုင်ရန် ရေလွှဲရေကာလုပ်ငန်းများ အပါအဝင် ဒီရေတောစိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိ

**ပဲခူး ဇူလိုင် ၁၆**

ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့သည် ပင်လယ်နှင့် ဆက်စပ်လျက်ရှိပြီး ခေါင်းလောင်းပုံ(Bell-Mouth)အတွင်း ကျရောက်လျက်ရှိပြီး မိုးတွင်းကာလ စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများကြောင့် လယ်မြေ၊ ယာမြေနှင့် ရွာမြေများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် ရေလွှဲရေကာလုပ်ငန်းများ အပါအဝင် သဘာဝနည်းဖြင့် ကာကွယ်နိုင်ရန် ဒီရေတောစိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ကျင်းပသည့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီ အစည်းအဝေး(၁/၂၀၂၂)၌ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒီရေတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို ဒေသခံများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ၊ ပင်လယ်ရေထုညစ်ညမ်းမှုကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။


ထို့နောက် ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက တိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ အစည်းဝေးဆုံးချက်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးများသို့ တင်ပြရမည့် တင်ပြချက်များအပေါ် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့်အတူ ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်း၍ သာသနာတော်ဆိုင်ရာများ လျှောက်ထားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာတော်ကြီးထံမှ ဩဝါဒခံယူကာ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ ငွေကျပ် သိန်း ၃၀ ဆက်ကပ်လှူဒါန်းသည်။

(၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ ရောက်ရှိကာ အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနားအတွက် အစမ်းလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူတို့နှင့်အတူ ပိဋကသုံးပုံပါဠိတော်ကို (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော်ကျမ်း ၅၃ ကျမ်း (အုပ်ရေ ၄၀) တို့ကို ပုံနှိပ်စက်တင် ရိုက်နှိပ်ဆောင်ရွက်နေသည့် မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေကို ကြည့်ရှုပြီး ပုံနှိပ်စက်တင်၍ ရိုက်နှိပ်ခြင်းဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရေး၊ စာလုံးများ ထင်ရှားသပ်ရပ်စေရေး၊ ကျမ်းစာအုပ်များ အဆင့်မီစေရေးနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို အလေးအနက်ထား၍ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားကာ ပုံနှိပ်စက်တင်ရိုက်နှိပ် ဆောင်ရွက်နေမှုနှင့် စာဖောင်ခေါက်ခြင်း ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာယာယီစခန်းခြောက်ခုမှ အိမ်ထောင်စုများအား ထပ်မံပြောင်းရွှေ့နေရာချထားပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၁၆**




ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နေရပ်စွန့်ခွာယာယီစခန်းနေပြည်သူများအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနား မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ယာယီတိမ်းရှောင်စခန်း ခြောက်ခုမှ အိမ်ထောင်စု ၃၀ ၊ လူဦးရေ ၁၄၂ ဦးတို့အား ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာသို့ ၎င်းတို့ဆန္ဒအရ ပြောင်းရွှေ့ နေရာချထားပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက ကျေးရွာ ဘက်စုံသုံးခန်းမ၌ အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ နေရပ်စွန့်ခွာယာယီတိမ်းရှောင်စခန်းနေ အိမ်ထောင်စုများအား ပြောင်းရွှေ့နေရာချထားပေးခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့် ခရိုင် လေးခရိုင်မှ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များက ပြောင်းရွှေ့ နေရာချထားပေးသည့် အိမ်ထောင်စုများနှင့် ကျေးရွာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထို့နောက် အိမ်ထောင်စုများအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၃၀ ၊ ခေါက်ဆွဲခြောက်ဖာ ၃၀ နှင့် ကြက်ဥများ၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာ တစ်လစာဖိုး ငွေကျပ် ၁၂၇၈၀၀၀ နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ပြည်နယ်ပညာရေးဌာနက ကျောင်းသား ကလေးငယ်များအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက အိမ်ထောင်စုသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ဒေသခံများက ကျေးလက်ကျန်းမာရေးဌာန ရရှိရေး၊ ကျေးရွာပိုင်ဘောလုံးကွင်း ဆောင်ရွက်ပေးနိုင်ရေးနှင့် တိုးချဲ့အိမ်ရာ တည်ဆောက်ပေးနိုင်ရေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ပြောင်းရွှေ့နေရာချထားပေးသည့် အိမ်ထောင်စုများသည် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်းရှိ ဗက်လင်၊ မလိယန်၊ ဇီးအုန်စခန်းများ၊ မြို့သစ်ကြီးရပ်ကွက်ရှိ ဂျာမိုင်ကောင်း အာဂ်ရီစီ၊ မန်ခိန်နှစ်ခြင်း အသင်းတော်နှင့် နန့်ကွေ့စိန်ယောဟန်စခန်းများမှ အိမ်ထောင်စုများဖြစ်ကြပြီး ယင်းငွေပျော်စံပြ ကျေးရွာသည် ယခုအခါ ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ပေးထားသည့် နေအိမ် ၅၀၂ အိမ် ပြောင်းရွှေ့ နေရာချထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့၌ လူငယ်ရေးရာ အသိပညာပေးဆိုင်ရာ ဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ အောင်ဇေယျာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက လူငယ်ရေးရာ အသိပညာပေးဆိုင်ရာ ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က လူငယ်နှင့် ခေါင်းဆောင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားမှူး ဦးခိုင်မင်းဦးက အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာသော အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း လူငယ့်ရေးရာအသိပညာပေးဆိုင်ရာများ ဆွေးနွေးဟောပြောသည်။

ထို့နောက်အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က အ.ထ.က.ခွဲ(အောင်ဇေယျာ) ကျောင်းအတွက် အားကစားဆိုင်ရာပစ္စည်းများ ထောက်ပံ့လှူဒါန်းရာ **(အောက်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်မိုးက လက်ခံ၍ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများစစ်ဆေး၊ အင်ဂျင်နီယာပညာရေးအသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ (၂၀၂၂) အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၁၆

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိစစ်ဆေးသည်။**



ဦးစွာ အစည်းအဝေးခန်းမ၌ ဦးစီးမှူးက စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် စက်မှုလုပ်ငန်းများကို စစ်ဆေးကြပ်မတ် မှတ်ပုံတင်ပေးနေရုံဖြင့် ကျေနပ်မနေဘဲ စက်ရုံစတင်တည်ဆောက်မည့် အဆောက်အဦ Plan များ၊ စက်တပ်ဆင်မည့် Layout Plan များကိုလည်း စစ်ဆေးကြပ်မတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ကိုယ်စားဆောင်ရွက်ရသည်ဖြစ်၍ Regulatory တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးကြိုးစားဆောင်ရွက်ရန်၊ ရေးဆွဲလျက်ရှိသည့် စက်မှုဇုန်နည်းဥပဒေတွင် စစ်ဆေးကြပ်မတ်ရမည့် အချက်များကို ပြည့်ပြည့်စုံစုံထည့်သွင်း ရေးဆွဲသွားရန် မှာကြားသည်။

**နောက်ဆုံးပေါ်နည်းပညာများရရှိရေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)သို့ ရောက်ရှိရာ(ယာပုံ) စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက္ကူထုတ်လုပ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ နောက်ဆုံးပေါ် နည်းပညာများရရှိရေး လေ့လာရန်နှင့် ဆင့်ပွားသင်တန်းများပြုလုပ်ပေးရန်၊ စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် Business Plan များရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သွင်းအားစုများ၏ ဈေးနှုန်းကို တစ်သမတ်တည်းထား၍ မတွက်ချက်ဘဲ ဖြစ်ပေါ်လာနိုင်သည့် ဈေးနှုန်းများဖြင့် တွက်ချက်ထားရန်နှင့် လေ့လာစဉ်းစား သုံးသပ်ထားရန် မှာကြားသည်။

**အင်ဂျင်နီယာပညာရေး**

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်၏ အင်ဂျင်နီယာပညာရေးကော်မတီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ကျင်းပသည့် အင်ဂျင်နီယာပညာရေး အသိအမှတ်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ (၂၀၂၂) အခမ်းအနားကို Hybrid စနစ်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညီလာခံတွင် "အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာပညာရေးမှသည် အနာဂတ်အင်ဂျင်နီယာ ပညာရပ်ဆီသို့" ဟူသော ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ဂုဏ်ထူးဆောင် ဟောပြောသူများ တက်ရောက်ဆွေးနွေးပြီး ပြည်တွင်း နည်းပညာတက္ကသိုလ်များရှိ ဆရာ ဆရာမများမှ စာတမ်းများ ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့် သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၂) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးဦးရဲတင့်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်နှင့်အတူ ဌာန၏လုပ်ငန်းများ ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် အရည်အချင်းများ တိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ယခုသင်တန်းတွင် သင်ကြားခဲ့ရသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားရမည် ဖြစ်ကြောင်း၊ ထို့အတူ သင်တန်းတွင် သင်ကြားခဲ့ရသည့် အတွေ့အကြုံများကို မိမိကိုယ်တိုင် လိုက်နာဆောင်ရွက်ရမည့်အပြင် မိမိဝန်ထမ်းများကိုလည်း ပြန်လည်မျှဝေပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ အရာရှိစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၃/၂၀၂၂) ကို နှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၁၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇူလိုင် ၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၄၅၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၇၉၆၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၃၄၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၅၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၁၂၁၁၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် ဇူလိုင် ၁၆

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



## သန့်ရှင်းသာယာသောမြို့ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။

**ရေစီးရေလာကောင်းမွန်ရေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နှင့် တန့်ယန်းမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နှင့် မိုင်းရှူးမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိမြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၊ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နှင့် ချင်းပြည်နယ် ဖလမ်းမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လူငယ်ပရဟိတဂေဟာများမှ လူငယ်များ လေ့လာရေးအစီအစဉ် ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**

လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေသည့် လူငယ်ပရဟိတဂေဟာများမှ လူငယ်များကို ဖိတ်ကြား၍ လေ့လာရေးအစီအစဉ်များ ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် တာဝန်ရှိသူများ၊ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်) နှင့် အဝါရောင်မျိုးဆက်သစ် ပရဟိတအသင်း(YGW)တို့မှ အုပ်ချုပ်သူ ကိုးဦးနှင့် ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ကြသည်။

ဦးစွာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက အမှာစကားပြောကြားပြီး မူလတန်းပြဆရာ ဦးချစ်ဦးက မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ( စမတောင်)မှ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ မူလတန်းပြ ဆရာမ ဒေါ်မြဖူးငုံက အဝါရောင်မျိုးဆက်သစ် ပရဟိတအသင်း (YGW)မှ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)မှ သင်တန်းသား/ သင်တန်းသူများ၏ တစ်နေ့တာလှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းကိုပြသပြီး လူငယ်ရေးရာဦးစီးဌာန ဝန်ထမ်းလူငယ်များက ဦးဆောင်၍ လူငယ်ပရဟိတဂေဟာများမှ လူငယ်များကို အဖွဲ့များခွဲ၍ စုပေါင်းဂိမ်းကစားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းလူငယ်များက ဦးဆောင်၍ ကျောင်းသား ကျောင်းသူများကို အဖွဲ့များခွဲ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဆက်လက်ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲမှ သရုပ်ပြရေကူး အားကစားသမားများ၏ ရေကူးသရုပ်ပြနေမှုကိုလည်းကောင်း၊ နေပြည်တော် မြန်မာ့အားကစားလှုပ်ရှားမှုများ ပြခန်းရှိ အားကစားပြတိုက်နှင့် ပြခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း/ အားကစားရုံများကို ကြည့်ရှုလေ့လာကြပြီး လူငယ်ရေးရာဦးစီးဌာနမှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာသုံးဆောင်၍ လေ့လာရေးအစီအစဉ်များကို ပျော်ရွှင်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တာဝန်ရှိသူများက လူငယ်ပရဟိတဂေဟာများမှ လူငယ်များအား အားပေးစကားပြောကြားစဉ်။

# လဝါဆိုအခါအတွင်းက လွမ်းဖွယ်သမိုင်း

မင်းခေါင်

**ဒီနှစ်ဝါဆိုမှာ အောက်ပြည်အောက်ရွာအဖို့ မိုးကောင်းနေတယ်လို့ပဲဆိုရပါမယ်။ မိုးမရွာတဲ့ရက်က ခပ်နည်းနည်းရယ်။ တစ်ခါတစ်ရံ မိုးကတဖွဲဖွဲ၊ တစ်ခါတစ်လေ မိုးက သဲသဲမဲမဲ။ တစ်လောကလုံးကလည်း ညို့မှိုင်းအုံ့ဆိုင်းနေပြန်တော့ ဒီလရာသီကို ရှေးစာဆိုများက "ဂနိုင်စိုစို၊ လဝါဆို၊ လွမ်းဖွယ့်ရာသီကို"ရယ်လို့ တင်စားစပ်ဆိုခဲ့ကြပါတယ်။**

လွန်ခဲ့တဲ့ ၇၅ နှစ်က ဒီလ ဒီရာသီမှာပဲ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ပြန်တော့ ဝါဆိုလ (ဇူလိုင်)ဟာ မြန်မာပြည်သူတို့အဖို့ အမှန်တကယ် လွမ်းဖွယ်ကောင်းတဲ့ လတစ်လလည်း ဖြစ်ခဲ့ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ပြီးခဲ့တဲ့ ဝါဆိုလဆန်း ၁၁ ရက် (ဇူလိုင် ၈ ရက်)နံနက်မှာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးဟာ နာရမြို့မှာ ကျင်းပတဲ့ နိုင်ငံရေးအခမ်းအနားတစ်ခုမှာ တက်ရောက်မိန့်ခွန်းပြောကြားနေစဉ် မသမာသူတစ်ဦးရဲ့ လက်လုပ်သေနတ်နဲ့ အနီးကပ်လုပ်ကြံပစ်ခတ်မှုကြောင့် ညနေပိုင်းမှာ ကွယ်လွန်အနိစ္စရောက်ခဲ့ရပြန်ပါတယ်။

ကမ္ဘာမှာ လုံခြုံမှုအရှိဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ရုံမက သေနတ်ကိုင်ဆောင်မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားတဲ့ ဂျပန်နိုင်ငံမှာ ယခုလို ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လုပ်ကြံခံရလို့ ကွယ်လွန်သွားတဲ့သတင်းက တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါကတော့ "ခွင့်လွှတ်လို့မရတဲ့ ကြမ်းကြုတ်မှုတစ်ခု"လို့ ဆိုပါတယ်။

**စီးပွားရေးပြဿနာအပေါ် အခြေခံ ပေါ်ပေါက်လာ**

ရှင်ဇိုအာဘေးကို လုပ်ကြံသူက နာရမြို့ခံတစ်ဦးဖြစ်တဲ့ အသက် ၄၁ နှစ်ဝန်းကျင်ရှိ တက်ဆုယာယာမာဂါမီဆိုသူဖြစ်ပြီး နိုင်ငံရေးရပ်တည်ချက်ကြောင့် မဟုတ်ဘဲ မိသားစုစီးပွားရေး ပြဿနာအပေါ် အခြေခံပြီး ပေါ်ပေါက်လာတဲ့ မုန်းတီးမှုကြောင့် လုပ်ကြံသတ်ဖြတ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။

ဒေါက်တာ မာတင်လူသာကင်းကို အမှတ်ရစရာပါ။ မုန်းတီးမှုကြောင့် လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရရှာတဲ့ သားကောင်တွေထဲမှာ ဒေါက်တာ မာတင်လူသာကင်း တစ်ယောက်လည်း ပါဝင်ခဲ့ပါတယ်။ ဒေါက်တာ မာတင်လူသာကင်းဟာ လူဖြူလူမည်းမခွဲခြားရေး၊ နိုင်ငံသားတို့ အခွင့်အရေးညီမျှရေးနဲ့ လူတိုင်း တန်းတူရည်တူ အခွင့်အလမ်းရရှိရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့သူ လူမည်းခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်။

သူဟာ လူဖြူ လူမည်း မခွဲခြားရေးအတွက် အမေရိကန်ပြည်ထောင်စုတစ်ခွင် လှည့်လည်ဟောပြောစည်းရုံးခဲ့သူဖြစ်တဲ့အတွက် လူမည်းတို့အတွက် အားကိုးအားထားပြုစရာ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပေမယ့် အစွန်းရောက် လူဖြူအချို့အတွက်ကတော့ ဒေါက်တာ မာတင်လူသာကင်းဟာ မုန်းတီးစရာလူတစ်ဦး ဖြစ်နေခဲ့ပါတယ်။

အဲဒီအမုန်းတရားကြောင့်ပဲ မာတင်လူသာကင်းဟာ ၁၉၆၆ ခုနှစ် ဧပြီ ၄ ရက်မှာ တင်နက်ဆီပြည်နယ် မင်းဖစ္စမြို့မှာကျင်းပတဲ့ ကျန်းမာရေးဌာနလုပ်သားများရဲ့ သပိတ်ကို ထောက်ခံချီတက်ဆန္ဒပြပွဲကို စည်းရုံးဟောပြောဖို့လာရင်း သူ့ခေတ္တတည်းခိုရာ ဟိုတယ်တစ်ခုမှာ နားနေစဉ် မျက်နှာချင်းဆိုင် တည်းခိုရိပ်သာကနေ အစွန်းရောက်သမားတစ်ဦးရဲ့ အဝေးကြည့် တယ်လီစကုပ်ပါ ရိုင်ဖယ်သေနတ်နဲ့ လုပ်ကြံပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရရှာပါတယ်။

**မုန်းတီးစိတ် ပိုပြီးပြင်းထန်လာ**

ဒေါက်တာ မာတင်လူသာကင်းကို လုပ်ကြံသတ်ဖြတ်သူကတော့ အသက် ၃၈ နှစ်အရွယ်ရှိ ဂျိမ်းစ်အားလ်ရေးဆိုသူ လူဖြူတစ်ဦးဖြစ်ပါတယ်။ ရေးရဲ့အဆိုအရကတော့ သူဟာ မွေးလာကတည်းက လူမည်းတွေကို မုန်းတီးတယ်လို့ဆိုတယ်။ ဒီကြားထဲမှာ သူ့မိဘများရဲ့ မြေနဲ့အိမ်ကို လူမည်းမိသားစုက ဝယ်ယူသွားတဲ့အခါ သူ့ရဲ့လူမည်းမုန်းတီးစိတ်က ပိုပြီးကြီးမားပြင်းထန်လာခဲ့တယ်လို့ သိရတယ်။

ကမ္ဘာ့သမိုင်းဝင် လုပ်ကြံမှုကြီးများကို လေ့လာကြည့်ရင် နိုင်ငံ့ခေါင်းဆောင်အချို့နဲ့ ထင်ရှားကျော်ကြားသူအချို့ဟာ တစ်ခါတစ်ရံအကြောင်းပြချက် မည်မည်ရရ ပြစရာမရှိဘဲ လုပ်ကြံသတ်ဖြတ်ခြင်းခံရလိုက်ရတဲ့ ဖြစ်စဉ်တွေလည်း ရှိခဲ့တယ်။

**လူအများ မယုံကြည်နိုင်အောင်ဖြစ်သွား**

ကမ္ဘာကျော် ရော့ခ်အဆိုတော် ဂျွန်လင်နွန်ဆိုရင် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာ ၈ ရက် ညပိုင်းမှာ အထီးကျန်သမား သူရူးတစ်ယောက်က အကြောင်းတစ်စုံတစ်ရာ မရှိပါဘဲလျက် သေနတ်နဲ့ ပစ်သတ်ခြင်းကို ခံခဲ့ရရှာတယ်။ သူ့ကိုချစ်ခင်လေးစားကြတဲ့ တစ်ကမ္ဘာလုံးက သန်းပေါင်းများစွာသော လူအများဟာ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ကြတယ်။

သံသယတရားခံ လီးဟာဗေးအော့စ်ဝဲလ်ကို အချုပ်ကနေ ဒါးလက်စ်ကောင်တီခရိုင် ထောင်လွှဲပြောင်းစဉ်မှာပဲ ဂျက်ရူဘီက ခြောက်လုံးပြူး သေနတ်နဲ့ အနီးကပ် ပစ်ခတ်သတ်ဖြတ်လိုက်တဲ့အတွက် လုပ်ကြံမှုဖြစ်စဉ်ဟာ ပိုပြီးရှုပ်ထွေးသွားခဲ့ပါတယ်။ ဂျက်ရူဘီကတော့ "ကျွန်တော် ဂျက်ကီအတွက် လက်စားချေတာ" လို့ ဆိုခဲ့ပေမယ့် အော့စ်ဝဲလ်ကိုသတ်သူ ဂျက်ရူဘီဆိုတာ ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့ သတ်တာလဲ၊ ကနေဒီ လုပ်ကြံမှုဟာ အဖွဲ့နဲ့လျှို့ဝှက်လုပ်ကြံခြင်းလား၊ လုပ်ကြံမှုရဲ့ နောက်ကွယ်မှာ မာဖီးယားဂိုဏ်း ရှိနေသလား၊ ကျူးဘားလူမျိုးတွေများ ပါနေသလား၊ နောက်ကွယ်မှာ စီအိုင်အေရော မပါပေဘူးလား စသဖြင့် ယခုတိုင် မေးခွန်းပေါင်းများစွာရှိနေဆဲပါ။

အိန္ဒိယစာရေးဆရာများက "အိန္ဒိယရဲ့ ဝိညာဉ်" လို့ တင်စားခေါ်ဝေါ် ရေးသားခဲ့တဲ့ မဟတ္တမဂန္ဒီနဲ့ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီတို့ကတော့ လူမျိုးရေး၊ ဘာသာရေးအစွဲအလမ်းတွေကိုအခြေခံတဲ့ လုပ်ကြံမှုတွေကြောင့် အသက်ပေးခဲ့ရရှာပါတယ်။

> ❍ **တကယ်တော့ နိုင်ငံရေးကို အကြောင်းပြုပြီး လုပ်ကြံသတ်ဖြတ်တဲ့ လုပ်နည်းလုပ်ဟန်များဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင် ရှေးရောမ၊ ခေါမခေတ်ကတည်းက အခြေတည်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ရာစုတွေ အလီလီပြောင်းပြီး ယနေ့ခေတ် ယဉ်ကျေးတဲ့လူ့ဘောင်အသိုင်းအဝိုင်းရောက်သည့်တိုင် မသမာသူများ၊ အစွန်းရောက်သမားများက ဆက်လက်အသုံးပြုနေကြဆဲပါ။ ဒါကို အသိဉာဏ်တိုးတက်မြင့်မားလာပြီဖြစ်တဲ့ ယဉ်ကျေးတဲ့ လူ့ဘောင်အသိုက်အဝန်းတစ်ရပ်လုံးက အတိတ်သမိုင်းသင်ခန်းစာများအရ ဆန့်ကျင်တားဆီး ကာကွယ်သွားကြရမှာ ဖြစ်ပါတယ်**

အမေရိကန်ပြည်သူများကတော့ လင်နွန်သေဆုံးရခြင်းအပေါ် အကြီးအကျယ် ဝမ်းနည်းကြေကွဲခဲ့ကြရုံမက ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ခြင်းဟာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ ဂုဏ်သိက္ခာကို ကင်းမဲ့စေတာ မဟုတ်၊ လူမျိုးတစ်မျိုးလုံးအား အရှက်ရစေသော လုပ်ရပ်၊ စိတ်ထိခိုက်စရာကောင်းလှတဲ့လုပ်ရပ်လို့လည်း မြင်ခဲ့ကြတယ်။

ဂျွန်လင်နွန်ကို သေနတ်ပစ်ခတ်သတ်ဖြတ်ခဲ့သူကတော့ ဂျော်ဂျီယာပြည်နယ်သား အသက် ၂၅ နှစ်အရွယ် မတ်စ်ချက်မင်းဆိုသူ ဖြစ်တယ်။ သူ့ကို တရားရုံးမှာ စစ်ဆေးတဲ့အခါ လင်နွန်ကို သူဘာကြောင့်သတ်သလဲ၊ဘာတွေကိုမကျေနပ်လို့လဲဆိုတဲ့ သဲလွန်စ အထောက်အထားနဲ့ ပတ်သက်ပြီး နည်းနည်းမျှ ဖော်ပြခြင်းမပြုခဲ့ဘူး။ ဒ့ါအပြင် သူ့လုပ်ရပ်အတွက် ဝမ်းနည်းကြေကွဲခြင်း၊ နောင်တရခြင်းတို့ကိုလည်း မဖော်ပြခဲ့ဘူး။

**မေးခွန်းအတွက် အဖြေမရခဲ့**

ဂျွန်လင်နွန်နည်းတူ ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့မှာ သေနတ်နဲ့ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရရှာတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ ၃၅ ဦးမြောက် သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံမှုကြီးဟာလည်း "ဂျွန်အက်ဖ်ကနေဒီကို ဘယ်သူသတ်သလဲ၊ ဘာကြောင့် သတ်တာလဲ" ဆိုတဲ့ မေးခွန်းအတွက် အဖြေမရခဲ့ပါဘူး။

အကြမ်းမဖက်ရေး အဟိံသဝါဒကိုလက်ခံထားတဲ့ ဂန္ဒီကြီးဟာ ၁၉၄၈ ခုနှစ် နှစ်ဦးမှာ နိုင်ငံသားအချင်းချင်းကြားဖြစ်ပွားလာတဲ့ ပဋိပက္ခများနဲ့ အကြမ်းဖက်မှုများ ရပ်ဆိုင်းသွားစေရေးအတွက် အစာငတ်ခံပြီး ကြိုးပမ်းခဲ့ရာမှာ ဘာသာရေးအစွန်းရောက် စစ်သွေးကြွ ဟိန္ဒူအချို့ရဲ့ ဆန့်ကျင်မုန်းတီးမှုများကို ခံခဲ့ရပါတယ်။

**အနီးကပ် လုပ်ကြံသတ်ဖြတ်**

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက် ညနေမှာတော့ ဂန္ဒီကြီးဟာ သူ့တူမလေးတစ်ဦးနဲ့ ဘုရားဝတ်ပြုဖို့ အသွားမှာ ဆီးကြိုနေတဲ့လူအုပ်ကြားထဲက နာသူရမ်ဗီွရဆီးဆိုသူ အစွန်းရောက် ဟိန္ဒူလူရွယ်တစ်ဦးရဲ့ ပစ္စတိုနဲ့သုံးချက် အနီးကပ်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရရှာပါတယ်။

နောက်ပိုင်းမှာ သက်ဆိုင်ရာက ဂန္ဒီကြီးကို လုပ်ကြံမှုဟာ သူတစ်ဦးတည်းမဟုတ်ဘဲ ဟိန္ဒူအစွန်းရောက်အဖွဲ့ရဲ့ လျှို့ဝှက်ကြံစည်မှုဖြစ်ကြောင်း ဖော်ထုတ်လာနိုင်ခဲ့ပါတယ်။ အစွန်းရောက် စစ်သွေးကြွ ဟိန္ဒူအုပ်စုဝင်များက ဂန္ဒီကြီးဟာ သူတို့ရဲ့ ဘာသာအယူဝါဒနဲ့ ယုံကြည်မှုများကို ဆန့်ကျင်နေပြီလို့ စွပ်စွဲခဲ့ကြရုံမက သူတို့ရဲ့အကြမ်းဖက်ဝါဒဟာလည်း ဂန္ဒီကြီးရှိနေသမျှ ကာလပတ်လုံး ကျင့်သုံးလို့ရနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်လာတဲ့အတွက် သူတို့ရင်ဆိုင်နေရတဲ့ ပြဿနာရဲ့ အဖြေဟာ ဂန္ဒီကြီးကို သုတ်သင်ရှင်းလင်းပစ်မှုဖြစ်မယ်လို့ တွေးခေါ်လာကြပြီး လုပ်ကြံခဲ့ခြင်း ဖြစ်ပါတယ်။

အိန္ဒိယစာရေးဆရာများက "အိန္ဒိယရဲ့ ရတနာ" လို့ တင်စားခေါ်ဝေါ်ရေးသားခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ ပထမဆုံးသော ဝန်ကြီးချုပ် ဂျဝါဟာလာနေရူးရဲ့ သမီးဖြစ်သူ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီကတော့ ဘာသာရေးအရ အငြင်းပွားမှုများ ဖြစ်ပေါ်နေတဲ့ ရွှေကျောင်းတော်ကြီးကို ခံတပ်သဖွယ် စီးနင်းသိမ်းပိုက်ထားတဲ့ ဆစ်ခ်အစွန်းရောက် စစ်သွေးကြွများကို စစ်ရေးအရ အရေးယူဆောင်ရွက်ခဲ့မှုအပေါ် မကျေနပ်တဲ့ ဆစ်ခ်လူမျိုးအစွန်းရောက် သက်တော်စောင့်တို့ရဲ့ လက်စားချေလုပ်ကြံမှုကြောင့် အသက်ပေးခဲ့ရခြင်းဖြစ်ပါတယ်။

**အကြံအစည် ရိပ်မိကြ**

ရွှေကျောင်းတော်ကြီးကို စစ်ရေးအရဝင်ရောက်တိုက်ခိုက်သိမ်းပိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဆစ်ခ်လူမျိုး ဘာသာရေးအစွန်းရောက်များရဲ့ မကျေနပ်မှုနဲ့ လက်စားချေမယ့် အကြံအစည်တို့ကို ရိပ်မိကြတဲ့ တာဝန်ရှိသူများနဲ့ အစိုးရအဖွဲ့က အင်ဒီရာဂန္ဒီရဲ့ ကိုယ်ရံတော်တပ်ဖွဲ့က ဆစ်ခ်လူမျိုးတွေကို ဖြစ်နိုင်ရင် အားလုံးကို ဖယ်ရှားလူစားထိုးလဲလှယ်ဖို့ အကြံပြုခဲ့ကြပေမယ့် အင်ဒီရာဂန္ဒီက လုံးဝလက်မခံဘဲ ပယ်ချခဲ့ပါတယ်။

အင်ဒီရာဟာ မိမိရဲ့ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်မှုများ တစ်နေ့တခြား ပိုပြီးကြီးမားလာတာကို သူကိုယ်တိုင်လည်း မသိတာမဟုတ်ပါဘူး၊ သိပါတယ်။ လုပ်ကြံခံရမှု မဖြစ်ခင် တစ်ရက်အလို ၁၉၈၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှာ အင်ဒီရာက "ဒီနေ့တော့ ကျွန်မအသက်ရှင်နေတုန်းပဲ။ မနက်ဖြန်ကျရင်တော့ ဒီနေရာမှာ ကျွန်မရှိချင်မှရှိမယ်။ ဒါပေမယ့် ကျွန်မရဲ့ခန္ဓာကိုယ်ထဲက သွေးတစ်စက်ချင်းစီဟာ အိန္ဒိယတစ်နိုင်ငံလုံးအပေါ် ကျနေမှာပါ" လို့ ပြောခဲ့ပါတယ်။

နောက်တစ်နေ့ အောက်တိုဘာ ၃၁ ရက်မှာတော့ အင်ဒီရာဂန္ဒီဟာ သူ့နေအိမ်ကနေ ရုံးခန်းဆီသို့ သွားရာလူသွားလမ်းလေးပေါ်အတိုင်း လျှောက်လာစဉ်မှာ မလှမ်းမကမ်း သစ်ပင်ရိပ်အောက်မှာ လုံခြုံရေးအစောင့် တာဝန်ယူထားသူ ဘီယန်ဆင်းနဲ့ ဆတ်တဝမ့်ဆင်းတို့နှစ်ဦးက သေနတ်နဲ့ အနီးကပ်ပစ်ခတ်လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရရှာပါတယ်။

သို့သော်လည်း ကမ္ဘာ့သမိုင်းဝင်လုပ်ကြံမှုကြီးများကို လေ့လာကြည့်ရင် နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်မှုများက အများစုဖြစ်ကြောင်း တွေ့မြင်ရပါလိမ့်မယ်။ မြန်မာပြည်မှာ လွန်ခဲ့တဲ့ ၇၅ နှစ်က လုပ်ကြံခံခဲ့ရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ကျဆုံးမှုဖြစ်စဉ်ဟာလည်း နိုင်ငံရေးအရ လုပ်ကြံသတ်ဖြတ်ခံရခြင်းပဲ ဖြစ်ပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး ဦးဆောင်သူ ဂဠုန်ဦးစောနဲ့ အပေါင်းပါများကို လုပ်ကြံသူတရားခံများအဖြစ်၊ နိုင်ငံတော်လုပ်ကြံမှုကြီး မဖြစ်ပွားမီ ဗြိတိသျှစစ်တပ်က လက်နက်များကို ခိုးထုတ်ဖြန့်ဖြူးပေးခဲ့သူ ဗြိတိသျှစစ်ဗိုလ်များဖြစ်ကြတဲ့ မေဂျာယန်းနဲ့ ကပ္ပတိန်ဗီဗြင်တို့ရဲ့ နောက်ကွယ်က ပါဝင်ပတ်သက်မှုများသာ လူသိများခဲ့ပေမယ့် အဲဒီအချိန်က တကယ့်အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးကတော့ မြန်မာပြည်ကနေ စုံးစုံးမြုပ်ပျောက်ကွယ်သွားခဲ့တယ်လို့ သမိုင်းမှတ်တမ်းများအရ သိရပါတယ်။

*စာမျက်နှာ ၁၁ သို့*

# မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြ

မကွေး ဇူလိုင် ၁၆

**မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသမှု အစီအစဉ်ကို ဇူလိုင် ၁၄ ရက်က ဧရာဝတီမြစ်ကမ်း We Love Magway ညဈေးတန်းအနီး၌ ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းမောင်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှုအားပေးသည်။**



စက်လှေမီးလောင်လျှင် မီးငြိမ်းသတ်မှုကို သရုပ်ပြနေစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ပိုမိုဖြစ်ပွား ကြုံတွေ့ရလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏလည်း ပိုမိုများပြားလာသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံသည်လည်း ရာသီဥတုနှင့် ပထဝီအနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုခြင်းနှင့် မိုးခေါင်ရေရှားခြင်း စသည့်ဘေးအန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌လည်း အထက်ရခိုင်ရိုးမနှင့် ချင်းပြည်နယ်တွင် မိုးဆက်တိုက်ရွာသွန်းပြီး ကြီးအုံကြီးဝရေလျှောင်တမံ ရေပြည့်အမှတ်ထက် ၂၇ ပေ ကျော်သည့်အချိန် ဧရာဝတီမြစ်ရေ ထောက်နေပါက ဂရုစိုက်စောင့်ကြည့်ရမည့် အနေအထားဖြစ်ကြောင်း၊ ဆည်တာတမံများ၏ ရေဝင်ရောက်မှု အခြေအနေများ၊ မြစ်ရေချိန်များကို နေ့စဉ်မှတ်တမ်းပြုစု သုံးသပ်ရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားလာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အမြဲအသင့် အနေအထားရှိရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး စွမ်းရည် သရုပ်ပြသမှု အစီအစဉ်ကို ပြုလုပ်ရာ ဧရာဝတီမြစ်အတွင်း မြေနုကျွန်းပေါ်ရှိ ရေဘေးသင့် ပြည်သူများကို Assault Boat များအသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းမှု သရုပ်ပြသခြင်း၊ စက်လှေ မီးလောင်မှုဖြစ်စဉ်ကို မီးငြိမ်းသတ်ရေး ဆောင်ရွက်ခြင်းနှင့် Intellienge Lifebuoy များ အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှုများကို သရုပ်ပြခဲ့ပြီးနောက် စွမ်းရည် သရုပ်ပြသည့် တပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း ချီးမြှင့်ပေးအပ်သည်။

မောင်ညီညာ

## ဒဂုံတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ Gifu University တို့အကြား MoU ရေးထိုး

**ရန်ကုန် ဇူလိုင် ၁၆**

ဒဂုံတက္ကသိုလ် သိပ္ပံဌာနများနှင့် ဂျပန်နိုင်ငံ Gifu University အင်ဂျင်နီယာ မဟာဌာနကြီးအောက်ရှိ သိပ္ပံဌာနများအကြား MoU ရေးထိုးပွဲကို ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ရုံးခန်း အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပသည်။




အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သာထွန်းမောင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် သင်ကြားစီမံဌာနမှ ဌာနမှူးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ Gifu University မှ Vice President Dr. Shinji Kambara၊ The Faculty of Engineering ဌာနမှူး Prof. Dr. Toshiaki Murai နှင့် သိပ္ပံဌာနများမှ ပါမောက္ခဌာနမှူးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားမှူးအဖြစ် ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးရုံး အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာစိုးမိုးလွင်နှင့် တွဲဖက်အတွင်းရေးမှူး ကထိက ဒေါ်မေသူမောင်မောင် တို့က ဆောင်ရွက်သည်။

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သာထွန်းမောင်နှင့် ဂျပန်နိုင်ငံ Gifu University မှ Vice President Dr. Shinji Kambara တို့က အမှာစကားပြောကြားကြပြီး ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ သိပ္ပံဆိုင်ရာသုတေသနနှင့် လေ့ကျင့်လဲလှယ်ရေး ခရီးစဉ်၊ သိပ္ပံပညာရှင်များနှင့် သိပ္ပံပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများ၊ ဖိုရမ်များနှင့် သင်တန်းများ ပူးတွဲကျင်းပခြင်းနှင့် သုတေသနရလဒ်များကို သုတေသနစာစောင်များတွင် ရေးသားဖော်ပြခြင်း စသည့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အသေးစိတ်ဆွေးနွေးကြသည်။ ထို့နောက် နှစ်ဖက်အဖွဲ့အစည်းကြား MoU ရေးထိုးကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

## ဇလွန်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်နေ၍ ရေလမ်းခရီးသွားသူများ အသက်ကယ်အင်္ကျီဝတ်ရန် သတိပေး

**ဇလွန် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာချိန်ဖြစ်သဖြင့် စက်လှေမော်တော်များနှင့် ခရီးသွားလာနေသော ပြည်သူများအနေဖြင့် အသက်ကယ်အင်္ကျီဝတ်ဆင်ရန် အသိပညာပေးခြင်းကို ကမ်းနားရပ်ကွက် စက်လှေဆိပ်ကမ်းတွင် ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရန်လင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက စက်လှေမော်တော် မောင်းနှင်သူများအား ယခုအချိန်သည် ဧရာဝတီမြစ်ရေမြင့်တက်လာချိန်ဖြစ်သဖြင့် မိမိတို့ စက်လှေမော်တော်တို့တွင် လိုက်ပါစီးနင်းသူများ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် အသက်ကယ်အင်္ကျီ၊ ဘောကွင်းနှင့် အခြားအသက်ကယ်ပစ္စည်းများ ထားရှိပြေးဆွဲရန်နှင့် ခရီးသွားလာကြသော ပြည်သူများအနေဖြင့်လည်း အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကြရန် အသိပညာပေး ပြောကြားခဲ့ပြီး စက်လှေမော်တော်မောင်းနှင်သူများနှင့် ခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီဝတ်ဆင်နည်းများကို လက်တွေ့ပြသခဲ့သည်။

ဝေယံ (ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ**

*စာမျက်နှာ ၁၀ မှ*

ထိုပုဂ္ဂိုလ်ကတော့ ဗြိတိသျှကောင်စီကိုယ်စားလှယ်ဖြစ်သူ မစ္စတာဘင်ဂလေဆိုသူဖြစ်ပြီး သူဟာ ဂဠုန်ဦးစောတို့ အဖမ်းခံရပြီးနောက် ၄၈ နာရီအချိန်အတွင်း မြန်မာနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ တစ်ချိုးတည်း လစ်ထွက်သွားခဲ့တယ်လို့ ဆိုပါတယ်။

**ဝမ်းနည်းကြေကွဲ မဆုံး**

အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရတာ ယခုနှစ်ဆို ၇၅ နှစ်ပြည့်ခဲ့ပြီ။ အချိန်ကာလအရ ကြာညောင်းခဲ့ပြီထင်ရပေမယ့် မြန်မာပြည်သူများအဖို့ကတော့ ယခုလို "ဂနိုင်စိုစို၊ လ ဝါဆို၊ လွမ်းဖွယ့်ရာသီကို"ရောက်တိုင်း သတိတရ ဝမ်းနည်းကြေကွဲမဆုံး ရှိနေကြဆဲပါပဲ။

ဒီနှစ် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခါသမယမှာတော့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများအပြင် မနေ့တစ်နေ့က မသမာသူတစ်ဦးရဲ့ လုပ်ကြံမှုကြောင့် ကွယ်လွန်အနိစ္စရောက်သွားရှာတဲ့ ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး အပါအဝင် လုပ်ကြံမှုများကြောင့် အသက်ဆုံးရှုံးခဲ့ကြရတဲ့ လင်ကွန်း၊ ဂျွန်အက်ဖ်ကနေဒီ၊ ရောဘတ်ကနေဒီ၊ မဟတ္တမဂန္ဓီ၊ အင်ဒီရာဂန္ဓီ၊ ရာဂျစ်ဂန္ဓီ၊ အီတလီဝန်ကြီးချုပ်ဟောင်း ခရစ်ယာန် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် အယ်လ်ဒိုမိုရို စတဲ့ နိုင်ငံ့ခေါင်းဆောင်များကို နှမြောတသ သတိတရဖြစ်ရတယ်။

**အတိတ်သမိုင်းသင်ခန်းစာများ ဆန့်ကျင်တားဆီး**

တကယ်တော့ နိုင်ငံရေးကို အကြောင်းပြုပြီး လုပ်ကြံသတ်ဖြတ်တဲ့ လုပ်နည်းလုပ်ဟန်များဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင် ရှေးရောမ၊ ခေါမခေတ်ကတည်းက အခြေတည်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ရာစုတွေ အလီလီပြောင်းပြီး ယနေ့ခေတ်ယဉ်ကျေးတဲ့ လူ့ဘောင်အသိုင်းအဝိုင်း ရောက်သည့်တိုင် မသမာသူများ၊ အစွန်းရောက်သမားများက ဆက်လက်အသုံးပြုနေကြဆဲပါ။ ဒါကို အသိဉာဏ်တိုးတက် မြင့်မားလာပြီဖြစ်တဲ့ ယဉ်ကျေးတဲ့ လူ့ဘောင်အသိုက်အဝန်းတစ်ရပ်လုံးက အတိတ်သမိုင်းသင်ခန်းစာများအရ ဆန့်ကျင်တားဆီးကာကွယ်သွားကြရမှာဖြစ်ပါတယ်။ ။

**ကိုးကား။ ။ မောင်ထွန်းသူ၏ နိုင်ငံတကာ လုပ်ကြံမှုကြီးများ။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ကန်ကြီးထောင့်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များသို့ ယမန်နေ့နံနက်ပိုင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားအရှေ့ကျေးရွာ ဦးမျိုးမြင့်၏ လယ်မြေတွင် ဆင်းသုခမျိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် သေိုင်းချောင်းမြို့ ဝေန်တာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား တက်ရောက်ခဲ့ပြီး ဝန်ကြီးချုပ်က မိုးရာသီမြစ်ရေမြင့်တက်မှုကြောင့် ဖြစ်ပေါ်လာမည့် ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ရေဘေးကာကွယ်ရေးအစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ယင်းနောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ခရိုင်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခြင်းများကို ရှင်းလင်းတင်ပြကာ ဝန်ကြီးချုပ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရေဘေးကာကွယ်ရေး တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုအစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများ ပေးအပ်သည်။(**အပေါ်ပုံ**)

ထို့နောက် ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးစိုက်နည်းစနစ် လေးမျိုးစမ်းသပ်ကွက်တွင် ဆင်းသုခ(SR)မျိုးစပါးများ စနစ်တကျ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး နည်းပညာပြန့်ပွားရေးစင်တာတွင် တောင်သူများနှင့် တွေ့ဆုံ၍ တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး ဧက ၁၀၀ စံပြကွက် တောင်သူများသို့ ဓာတ်မြေသြဇာအိတ် ၁၀၀ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာနှင့် Cash for work ကျေးရွာတို့အတွက် စီမံကိန်းရန်ပုံငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာတစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာ ၁၅ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀နှင့် Cash for work ကျေးရွာတစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ တို့ကို ကျေးရွာတာဝန်ခံများအား ပေးအပ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## သနပ်ပင်မြို့၌ တီရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်ဆောင်ရွက်




**သနပ်ပင် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံခန့်ခွဲမှုနှင့်အညီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကြက်စုကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသက်ဦးနှင့်တိရစ္ဆာန်မွေးမြူသူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကျွဲနွားအရေပြားအကျိတ်နာရောဂါပိုစတာများ စိုက်ထူခြင်း၊ ဟောပြောခြင်း၊ အာဖရိကဝက်အပြင်းဖျားရောဂါနှင့် ကျွဲနွားခွာနာလျှာနာ ရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကူးစက်ရောဂါဖြစ်ပေါ်လာပါက သတင်းပေးပို့ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးအောင်က မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဌာနအနေဖြင့်လည်း ရောဂါဖြစ်ပွားမှု ပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့များအနေဖြင့် ရောဂါ ကာကွယ်/ထိန်းချုပ်ရေးဆိုင်ရာ သဏ္ဍာန်တူလေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။**လှမိုး(ပြန်/ဆက်)**

# ပါလက်စတိုင်းဆက်သွယ်ရေးကွန်ရက်ကို အမေရိကန်က တိုးတက်ကောင်းမွန်အောင် ကူညီမည်ဟုဆို



**ရာမယ်လာ ဇူလိုင် ၁၆**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ပါလက်စတိုင်းသမ္မတ မာမွတ် အက်ဘာစ်နှင့် တွေ့ဆုံခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ကူညီထောက်ပံ့ပေးရန် ကတိပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် အရှေ့အလယ်ပိုင်းခရီးစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အနောက်ဘက်ကမ်းဒေသရှိ ဘက်သလင်ဟမ်မြို့တော်သို့ သောကြာနေ့က ရောက်ရှိခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် ပါလက်စတိုင်း ဒုက္ခသည်များကို ကူညီထောက်ပံ့ပေးသည့် ကုလသမဂ္ဂအဖွဲ့အစည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ပါလက်စတိုင်း၏ ဆက်သွယ်ရေးကွန်ရက်ကိုလည်း တိုးတက်ကောင်းမွန်အောင် ကူညီပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဘိုင်ဒင်သည် သမ္မတဟောင်း ဒေါ်နယ်ထရန့် အစိုးရလက်ထက်က ဆက်ဆံရေးယိုယွင်းလာသည့် ပါလက်စတိုင်းနှင့် ဆက်ဆံရေးကို တိုးတက်ကောင်းမွန်အောင် ရည်ရွယ်ထားကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ကန့်သတ်ပိတ်ဆို့ခံထားရသူ သန်းနှင့်ချီ ရှိ

**ပေကျင်း ဇူလိုင် ၁၆**

ကိုဗစ်-၁၉ လုံးဝကင်းစင်ရေးမူဝါဒကို ဆက်လက်ကျင့်သုံးနေသည့် တရုတ်နိုင်ငံ၌ မေလမှစတင်၍ ဇူလိုင် ၁၆ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်အများဆုံးဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးနောက် ယခု သီတင်းပတ်ကုန်အထိ လူသန်းပေါင်းများစွာသည် အသွားအလာ ကန့်သတ်ပိတ်ဆို့ခံနေရသည်။

နိုင်ငံ့စီးပွားရေးကို များစွာထိခိုက်စေနိုင်သော်လည်း လျှပ်တစ်ပြက် အသွားအလာကန့်သတ်ပိတ်ဆို့ခြင်း၊ ကြာရှည်စွာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစုလိုက်အပြုံလိုက် ရောဂါစစ်ဆေးခြင်းများ ပြုလုပ်၍ ကိုဗစ်လုံးဝကင်းစင်ရေး ရည်မှန်းချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည့် တရုတ်နိုင်ငံ၌ ဇူလိုင် ၁၆ ရက်က ဒေသတွင်း ကူးစက်ခံရသူ ၄၅၀ တွေ့ရှိခဲ့ရာ အများစုမှာရောဂါလက္ခဏာပြသခြင်းမရှိပေ။

အနောက်မြောက်ပိုင်း ကျန်းစုပြည်နယ်၏မြို့တော် လန်ကျိုးမြို့တွင် နေထိုင်သူ ၄ ဒသမ ၄ သန်းကို ဇူလိုင် ၁၃ ရက်မှစတင်၍ မိမိတို့နေအိမ်၌သာနေထိုင်ရန် ညွှန်ကြားခဲ့ပြီး အန်ဟွေးပြည်နယ်ရှိ ခရိုင်တစ်ခုကိုလည်း ဇူလိုင် ၁၅ရက်မှစတင်၍ အသွားအလာ ကန့်သတ်ပိတ်ဆို့ခဲ့သည်။ အလားတူ ကွမ်ရှီးဒေသတောင်ပိုင်း ပင်းဟိုင်ရှိ လူပေါင်း ၈၀၀၀၀၀ ကျော်နေထိုင်သည့် ခရိုင်နှစ်ခု၏ အစိတ်အပိုင်းများကိုလည်း အသွားအလာ ကန့်သတ်ပိတ်ဆို့ထားရန် ကြေညာခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၀၀၀၀ ကျော် တွေ့ရှိ

အိန္ဒိယနိုင်ငံသည် စနေနေ့တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၀၀၀၀ ကျော် တွေ့ရှိသည်မှာ သုံးရက်ဆက် ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀၄၄ ဦးတွေ့ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

### ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၇၀၅ ဦးတွေ့ရှိ

ဗီယက်နမ်နိုင်ငံ၌ စနေနေ့တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် ခံရသူ ၇၀၅ ဦးရှိပြီး သောကြာနေ့ကထက် ၂၅၁ ဦး ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ တစ်ဦးရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူ ၄၃၀၉၁ ဦးအထိ ရှိလာပြီဖြစ်သည်။

### ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၅၇၈ ဦးတွေ့ရှိ

ဖိလစ်ပိုင်နိုင်ငံတွင် စနေနေ့အထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၅၇၈ ဦးရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်)၏ ထုတ်ပြန်ချက်အရ သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။ ဒီအိုအိတ်ချ်၏ အဆိုအရ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၀၀၀ ကျော်လာခြင်းမှာ သုံးရက်ဆက်ရှိပြီဖြစ်ကြောင်း သိရသည်။

## လစ်ဗျားတွင် ဆန္ဒပြမှုကြောင့် သုံးလကြာရပ်ဆိုင်းခဲ့ရသည့် ရေနံထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်

**ထရီပိုလီ ဇူလိုင် ၁၆**

လစ်ဗျားနိုင်ငံ အမျိုးသားရေနံထုတ်လုပ်မှု ကော်ပိုရေးရှင်းက ဆန္ဒပြမှုများကြောင့် သုံးလခန့် ရပ်နားခဲ့ရသည့် နိုင်ငံအတွင်းရှိ ရေနံမြေများနှင့် ဆိပ်ကမ်းများအားလုံးကို ယခုအခါ အပြည့်အဝ ပြန်လည်စတင်နိုင်ပြီဖြစ်ကြောင်း ဇူလိုင် ၁၅ ရက်က ကြေညာခဲ့သည်။



ရေနံထုတ်လုပ်မှု ပြန်လည်စတင်ချိန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နေ့စဉ်ထုတ်လုပ်မှုကို အမြင့်ဆုံးနှုန်းသို့ မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း အမျိုးသားရေနံထုတ်လုပ်မှု ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌသစ်ဖြစ်သူ ဖာဟက်ကာဒါရာက အရှေ့ပိုင်းမြို့တော် ဘင်ဂါဇီတွင် ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ဧပြီလလယ်တွင် လစ်ဗျားရှိ ရေနံမြေများနှင့် ဆိပ်ကမ်းအများအပြားကို ဒေသခံဆန္ဒပြသူများက ပိတ်ဆို့ပစ်ခဲ့ပြီး ၎င်းတို့က ဝန်ကြီးချုပ် အဗ္ဗဒူ ဟာမက် ဒီဘေဘားအား မတ်လအတွင်း လွှတ်တော်မှ ခန့်အပ်သည့် အစိုးရအဖွဲ့ထံ အာဏာလွှဲပြောင်းပေးရန် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း ဝန်ကြီးချုပ် ဒီဘေဘားက ထိုသို့ လုပ်ဆောင်ရန် ငြင်းဆိုထားပြီး ၎င်း၏ အစိုးရသည် ရွေးကောက်ခံ အစိုးရထံသို့သာ အာဏာလွှဲပြောင်းပေးမည်ဟု ပြောကြားထားသည်။

လစ်ဗျားတွင် ပါတီများအကြား ရွေးကောက်ပွဲဥပဒေများနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကြောင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရန် ပျက်ကွက်ခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က ကွယ်လွန်သူ ခေါင်းဆောင် ကဒါဖီအစိုးရ ပြုတ်ကျပြီးကတည်းက အကြမ်းဖက်မှုများနှင့် ဆူပူအုံကြွမှုများ ပြင်းထန်စွာကြုံတွေ့နေရသည်။

**ဆင်ဟွာ**

## စပိန်နိုင်ငံ၌ ဇူလိုင် ၁၀ ရက်နောက်ပိုင်း အပူလှိုင်းဖြတ်မှုကြောင့် လူ ၈၄ ဦးထက်မနည်း သေဆုံး

**မက်ဒရစ် ဇူလိုင် ၁၆**

စပိန်နိုင်ငံသည် ဇူလိုင် ၁၀ ရက်နောက်ပိုင်း အပူလှိုင်းဖြတ်မှုကြောင့် လူ ၈၄ ဦးထက်မနည်း သေဆုံးကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြသည့် ကားလို့စ်ကျန်းမာရေးအဖွဲ့အစည်း (ISCIII)က သောကြာနေ့က ပြောသည်။



ပြင်းထန်သည့်အပူချိန်ကို အန်တုကာ ဘာစီလိုနာ၌ ကျင်းပသည့် အားကစားပွဲတစ်ခုကို အားပေးနေသူများ။

စပိန်နိုင်ငံတစ်ဝန်း အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်သော ပြင်းထန်သည့် အပူချိန်ကြောင့် သေဆုံးသူများလာခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ၏ တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတွင် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။ အဆိုပါ ပြင်းထန်သော အပူလှိုင်းဖြတ်မှုသည် လာမည့်ရက်သတ္တပတ်အထိ ဆက်လက်ဖြစ်ပွားနိုင်သောကြောင့် သေဆုံးသူဦးရေ တိုးလာမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

စပိန်နိုင်ငံ၌ အဆိုပါ အပူလှိုင်းဖြတ်မှုသည် ယခုနှစ်တွင် အပြင်းထန်ဆုံး အပူလှိုင်းဖြတ်မှု ဒုတိယအကြိမ်မြောက်ဖြစ်ကာ ပထမအကြိမ် အပူလှိုင်းဖြတ်မှုသည် ဇွန် ၁၁ ရက်မှ ဇွန် ၂၀ ရက်အထိ ကြာမြင့်ပြီး နိုင်ငံတစ်ဝန်း သေဆုံးသူ ၈၂၉ ဦးအထိ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထိုအချိန်က အမြင့်ဆုံးအပူချိန် ၄၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စပိန်နိုင်ငံမှ အာဏာပိုင်များသည် ရေများများသောက်ရန်၊ လေ့ကျင့်ခန်း အလွန်အကျွံလုပ်ခြင်းမှ ရှောင်ရှားရန်နှင့် တတ်နိုင်သမျှ အိမ်ထဲတွင်နေရန် ပြည်သူများကို အကြံပြုထားသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံက အာကာသထဲတွင် ထားရှိမည့် ဂြိုဟ်တုနှစ်စင်း လွှတ်တင်

**တိုင်ယွမ် ဇူလိုင် ၁၆** တရုတ်နိုင်ငံသည် အာကာသထဲတွင် ဂြိုဟ်တုနှစ်စင်း ထားရှိရန်အတွက် လောင်းမတ်ချ်-၂စီ သယ်ဆောင်ရေးဒုံးပျံကို စနေနေ့က လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ Siwei 03 and 04 ဟု အမည်ပေးထားသည့် အဆိုပါဂြိုဟ်တုနှစ်စင်းကို တရုတ်နိုင်ငံမြောက်ပိုင်း ကျန်းရှီးပြည်နယ် တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် နံနက် ၆ နာရီ ၅၇ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် ပတ်လမ်းထဲသို့ ဝင်ရောက်နိုင်ခဲ့သည်။

အဆိုပါ ဂြိုဟ်တုများသည် သဘာဝဘေးအန္တရာယ်စောင့်ကြည့်ခြင်း၊ မြို့ပြစီမံကိန်းနှင့် ဘေးကင်းရေးစသည့်ကဏ္ဍများအတွက် စီးပွားရေးလုပ်ငန်းသုံး အဝေးထိန်းအာရုံခံစနစ်ပါဝင်သော ဝန်ဆောင်မှုများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုသည် လောင်းမတ်ချ်သယ်ဆောင်ရေးဒုံးပျံများ၏ (၄၂၇) ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ မျိုးကွဲသစ်တွေ တစ်ကျော့ပြန်ခေါင်းထောင်လာချိန်မှာ ကာကွယ်ဆေးမလွှမ်းခြုံနိုင်သေးတဲ့ အိန္ဒိယအခက်အခဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိ

**ထွန်းကျော်**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ တစ်ကျော့ပြန်ဖြစ်ပွားလာချိန်မှာ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံနိုင်မှုအခြေအနေဟာ ခန့်မှန်းထားတာထက်လျော့နည်းနေတဲ့အတွက် ကပ်ရောဂါဆိုင်ရာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ အခုဆိုရင် ကိုဗစ်-၁၉ မျိုးကွဲသစ်တွေကိုလည်း ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပါတယ်။


**တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးစား**

အိန္ဒိယအစိုးရက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေး အရှိန်အဟုန်မြှင့်ကြိုးစားလျက်ရှိသော်လည်း အိန္ဒိယနိုင်ငံရဲ့ မြို့တော်တစ်ခုတည်းသာ ၉၀ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့တယ်လို့ စာရင်းဇယားများမှာ ဖော်ပြထားပါတယ်။

အိန္ဒိယအစိုးရရဲ့ CoWIN ပေါ်တယ်ရဲ့ သတင်းအချက်အလက်တွေအရ အိန္ဒိယနိုင်ငံမြို့တော် ဒေသ ၁၁ ခုရှိတဲ့အထဲမှာ နယူးဒေလီဒေသတစ်ခုတည်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးမှု ၉၄ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။

**အကောင်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမှုရှိခဲ့**

ဒေသသုံးခုဖြစ်တဲ့ အနောက်တောင်၊ အရှေ့နဲ့ အနောက်ဘက်ဒေသတွေမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူ ၈၉ ဒသမ ၈ ရာခိုင်နှုန်း၊




မွမ်ဘိုင်းရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး စင်တာတစ်ခုတွင် ကာကွယ်ဆေးကုန်သွားသည့် အကြောင်း ကြေညာသင်ပုန်းတွင် စာကပ်ထားစဉ်။

၈၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၈၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ တောင်၊ မြောက်နဲ့ အနောက်မြောက်ဒေသအပါအဝင် ဒေသလေးခုမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၈၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၈၁ ဒသမ ၇ ရာခိုင်နှုန်း၊ ၈၁ ဒသမ ၁ ရာခိုင်နှုန်းနဲ့ ၈၀ ဒသမ ၂ ရာခိုင်နှုန်းစီ ရှိခဲ့ပါတယ်။

အရှေ့မြောက်နဲ့ အလယ်ပိုင်းဒေသအပါအဝင် ဒေသနှစ်ခုမှာ ကိုဗစ်-၁၉ကာကွယ်ဆေးလွှမ်းခြုံထိုးပေးနိုင်မှုပမာဏဟာ ၇၉ ဒသမ ၉ ရာခိုင်နှုန်းနဲ့ ၇၇ ဒသမ ၁ ရာခိုင်နှုန်းစီဖြစ်ပါတယ်။ အရှေ့တောင်ဒေသမှာတော့ ၇၀ ဒသမ ၅ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါတယ်။

နယူးဒေလီ တစ်ခုတည်းသာ အကောင်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံမှုရှိခဲ့ပြီး ရှေ့တန်းလုပ်သားများကို တတိယအကြိမ်အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပါတယ်။

**လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၃၁၀၄၃ ဦးရှိ**

တခြားဒေသများမှာတော့ ရှေ့တန်းလုပ်သားများကို တတိယအကြိမ်အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးဖို့ လွယ်ကူတဲ့အခြေအနေမရှိသေးပါဘူး။

ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်တဲ့နေရာမှာ အိန္ဒိယအစိုးရဟာ သူ့ရဲ့လူဦးရေအများစုကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပိုမိုလွှမ်းခြုံထိုးပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

အခုချိန်ထိ အရွယ်ရောက်ပြီးသူ ၆၆ ဒသမ ၇ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်သေးပါတယ်။

အိန္ဒိယနိုင်ငံတစ်ဝန်းမှာ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းမှာပဲ ကိုဗစ်-၁၉ တစ်ကျော့ပြန်ကူးစက်ဖြစ်ပွားသူ ၁၃၆၁၅ ဦး အထိရှိခဲ့ပါတယ်။ အခုဆိုရင်တော့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာ ၄၃၆၅၂၉၄၄ ဦး အထိရှိလာခဲ့ပါပြီ။ ထို့အတူပဲ နိုင်ငံတစ်ဝန်းမှာ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၃၁၀၄၃ ဦး ရှိပါတယ်။

**စိုးရိမ်စိတ်တွေ ဒီရေပမာမြင့်တက်**

လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၀ ရှိခဲ့ကြောင်း ဖော်ပြခဲ့မှုနဲ့အတူ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ဖိစီးနှိပ်စက်မှုကြောင့် သေဆုံးသူပေါင်းဟာ အခုဆိုရင် ၅၂၅၄၇၄ ဦး အထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ အခုဆိုရင် အလွန်ကူးစက်မြန် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် (BA.1.75) စမ်းသပ်တွေ့ရှိခဲ့တဲ့အပေါ် ကျန်းမာရေးအာဏာပိုင်တွေကတော့ မျက်ခုံးလှုပ်နေပြီဖြစ်ပါတယ်။ အဲဒီဗိုင်းရပ်စ်သာ ကိုဗစ်-၁၉ ကာကွယ်ဆေးလွှမ်းခြုံမထိုးထားနိုင်တဲ့ အိန္ဒိယနိုင်ငံတစ်ဝန်း ကူးစက်ပျံ့နှံ့ခဲ့မယ်ဆိုရင်ဆိုတဲ့ စိုးရိမ်စိတ်တွေ ဒီရေပမာမြင့်တက်လာနေပြီဖြစ်ပါတယ်။

**ကိုဗစ်-၁၉ မျိုးကွဲသစ်တွေကို ထပ်မံတွေ့ရှိ**

ဒါ့အပြင် ကမ္ဘာ့တခြားနိုင်ငံတွေမှာလည်း BA.4 နဲ့ BA.5 လို့ခေါ်တဲ့ ဒီကိုဗစ်-၁၉ မျိုးကွဲသစ်တွေကို ထပ်မံတွေ့ရှိထားပါတယ်။ ဒီကိုဗစ်-၁၉ မျိုးကွဲသစ်တွေဟာ အရင်ကတွေ့ရှိခဲ့တဲ့ အိုမီခရွန်နဲ့ တခြားကိုဗစ်-၁၉ မျိုးကွဲတွေထက် ပိုမိုကူးစက်မြန်ပါတယ်။ ထပ်မံတွေ့ရှိခဲ့တဲ့ ကိုဗစ်-၁၉ မျိုးကွဲသစ်တွေဟာ လူတွေရဲ့ ခုခံကာကွယ်မှုကို အလွယ်တကူ ရှောင်ရှားနိုင်ပြီး ရောဂါကူးစက်ခံရသူရဲ့ ခုခံကာကွယ်နိုင်စွမ်းကိုလည်း လျော့နည်းစေပါတယ်။

BA.4 နဲ့ BA.5 ကိုဗစ်-၁၉ မျိုးကွဲတွေရဲ့ ရောဂါလက္ခဏာတွေကတော့ တခြားအိုမီခရွန် မျိုးကွဲတွေလိုပဲ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနဲ့ အအေးမိတဲ့လက္ခဏာတွေဖြစ်ပေါ်ခံစားရမှာဖြစ်ပါတယ်။

**ထပ်မံရိုက်ခတ်လာမယ့်အရေးကို စိုးရိမ်လျက်ရှိ**

ဩစတြေးလျနိုင်ငံမှာလည်း ကိုဗစ်-၁၉ အသွင်ပြောင်းအဆင့်မြင့် မျိုးကွဲလှိုင်းဂယက် ထပ်မံရိုက်ခတ်လာမယ့်အရေးကို စိုးရိမ်လျက်ရှိပါတယ်။ ဒီလှိုင်းဂယက်သာ ရိုက်ခတ်လာမယ် ဆိုရင်တော့ ဩစတြေးလျနိုင်ငံရဲ့ ကျန်းမာရေးစနစ်အပေါ် ခြိမ်းခြောက်လာမှာဖြစ်တယ်လို့ ဩစတြေးလျ ကျန်းမာရေးအာဏာပိုင်များက ပြောပါတယ်။

ထို့အတူ ကိုဗစ်-၁၉ မျိုးကွဲသစ်လှိုင်းဂယက်သာ အိန္ဒိယနိုင်ငံကို ရိုက်ခတ်လာမယ်ဆိုရင် အရင်ကမှ ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံမထားတဲ့ နိုင်ငံဟာ ကစဥ့်ကလျားအခြေအနေနဲ့ ထပ်မံရင်ဆိုင်ရနိုင်ပါတယ်။

**ကိုးကား - ဆင်ဟွာ**

✧ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်တဲ့ နေရာမှာ အိန္ဒိယအစိုးရဟာ သူ့ရဲ့လူဦးရေအများစုကို ကိုဗစ်-၁၉ ကာကွယ်ဆေးပိုမိုလွှမ်းခြုံထိုးပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်

✧ အခုချိန်ထိ အရွယ်ရောက်ပြီးသူ ၆၆ ဒသမ ၇ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်သေးပါတယ်

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၉၁၅၃ ဦး တွေ့ရှိ

**စင်ကာပူ ဇူလိုင် ၁၆**

စင်ကာပူနိုင်ငံသည် စနေနေ့အထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်သူ ၉၁၅၃ ဦး တွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၅၈၉၀၉၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက် အရ သိရသည်။

အဆိုပါ ကူးစက်ခံရသူများအနက် ၈၀၇ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၈၃၄၆ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူ ၇၇၁ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ၁၇ ဦးမှာ ကုသမှုခံယူလျက်ရှိသည်။ စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ သုံးဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၁၄၅၀ အထိ ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

## ဇူလိုင် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၁ ရာခိုင်နှုန်းရှိ

**(၁၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၆၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၅၂,၆၁၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၆–၇–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၆) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၉၂) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၅၇) ခု | (၇) ဦး |
| စုစုပေါင်း | (၅,၃၆၃) ခု | (၁၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၆-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၁၇၀၅၇၁ | ၈၆၄၆၈၀၁၈ | ၁၀၄၈၆၉၃ |
| ၂။ | အိန္ဒိယ | ၄၃၇၃၀၀၇၁ | ၄၃၀၆၃၆၅၁ | ၅၂၅၆၆၀ |
| ၃။ | ဘရာဇီး | ၃၃၂၅၀၁၁၇ | ၃၁၅၁၃၃၃၀ | ၆၇၅၁၄၅ |
| ၄။ | ပြင်သစ် | ၃၂၈၁၈၉၀၁ | ၃၀၄၄၄၀၆၃ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၆၆၁၈၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၃၈၉၅၂ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၁၉၉၈၅၄၇၉ | ၁၈၃၈၈၉၇၈ | ၁၆၉၇၃၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၇၂၁၄၁၅ | ၁၈၃၁၄၆၀၇ | ၂၄၇၂၈ |
| ၉။ | ရုရှား | ၁၈၄၈၅၆၃၂ | ၁၇၉၀၆၃၂၆ | ၃၈၁၈၃၅ |
| ၁၀။ | တူရကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

### ၁၆-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၅၉၈၅၀ | ၉၈၀၆၃၂၈ | ၄၃၀၉၁ |
| အင်ဒိုနီးရှား | ၆၁၃၁၄၁၃ | ၅၉၄၇၉၈၀ | ၁၅၆၈၃၉ |
| မလေးရှား | ၄၆၁၃၉၉၈ | ၄၅၃၆၉၄၆ | ၃၅၈၄၄ |
| ထိုင်း | ၄၅၅၇၀၀၁ | ၄၅၀၂၁၅၆ | ၃၀၉၈၁ |
| ဖိလစ်ပိုင် | ၃၇၃၀၅၄၅ | ၃၆၅၀၉၁၄ | ၆၀၆၄၁ |
| စင်ကာပူ | ၁၅၇၉၉၄၆ | ၁၄၆၇၈၃၇ | ၁၄၄၇ |
| မြန်မာ | ၆၁၃၈၀၉ | ၅၉၂၇၂၄ | ၁၉၄၃၄ |
| လာအို | ၂၁၀၅၁၀ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၄၃၇ | ၁၃၃၂၈၃ | ၃၀၅၆ |

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်  ဇူလိုင်  ၁၆

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က ထုတ်လုပ်သော သဘာဝမြေဩဇာ “ဗေဒါ”

မြင့်စိုး(နတလ)



အင်းလေးကန်အတွင်းမှ ဗေဒါမြေဆွေးကုန်ကြမ်းရယူသည့်နေရာများကို စက်လှေဖြင့် သွားရောက်ကြည့်ရှုစဉ်။

**“ လတ်တလော စမ်းသပ်ထုတ်လုပ်ပြီးသော ၅၀ ကီလိုအိတ် ၃၄၃ အိတ်ကို တစ်အိတ်ကျပ် ၁၅၀၀၀ နှုန်းဖြင့် စပါးစိုက်တောင်သူ၊ ပြောင်းစိုက်တောင်သူ၊ ပန်း၊ သရက်၊ ထောပတ် စိုက်ပျိုးသောတောင်သူများထံ ရောင်းချပေးထားပြီးဖြစ်သည်။ ထွက်နှုန်းကို တိုင်းတာ၍ မရသေးသော်ငြားလည်း အပင်ဖြစ်ထွန်းကြီးထွားမှု၊ ရှင်သန်မှုတို့မှာ အားရစရာကောင်းကြောင်း ကြားသိရသည်။ ဗေဒါမြေဆွေး ၁၄၄ တန်မှ ထွက်ရှိလာမည့် ၅၀ ကီလိုအိတ် ၂၈၀၀ ကျော်မှာလည်း ထုပ်ပိုးရောင်းချရန် အသင့်ဖြစ်နေပေပြီ။ စဉ်ဆက်မပြတ် ထုတ်လုပ်သွားနိုင်ရေးအတွက် ဗေဒါမြေဆွေးကုန်ကြမ်း ၅၄၅ တန်ကို စက်လှေတစ်တန် ကားတစ်တန်ဖြင့် သယ်ယူစုဆောင်းထားရှိပြီး ဖြစ်သည်”**

**ဗေဒါနှင့် စတင်မိတ်ဆက်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိပြီး ကျွန်တော်၏ ပထမဆုံးခရီးစဉ်မှာ ဧပြီ ၄ ရက်က သွားခဲ့သော “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ (မော်ဖဒေသ) ခရီးစဉ်ဖြစ်ပါသည်။ ထိုခရီးစဉ်မှ အပြန် ဧပြီ ၂၁ ရက်၌ ကိုကိုးကျွန်းသို့ သွားခဲ့ပါသည်။ ကျွန်တော်၏ တတိယခရီးစဉ်မှာ မေ ၁၀ ရက်မှ ၁၂ ရက်အထိ သွားရောက်ခဲ့သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခရီးစဉ်များဖြစ်သည်။ ထိုခရီးစဉ်အတွင်း SMART Village ကျေးရွာများ ဖြစ်ကြသော ပင်းတယမြို့နယ်ထဲမှ ကျားကုန်းကျေးရွာနှင့် ဟိုပုံးမြို့နယ်ထဲမှ ကျောက်တန်းကျေးရွာတို့သို့ လည်းကောင်း၊ ပင်းတယမြို့နယ်အတွင်းမှ ကျေးရွာရေရရှိရေးလုပ်ငန်းများနှင့် ကလောမြို့နယ်အတွင်း ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ တောင်ကြီးမြို့ပေါ်မှ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့သို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ပို့ချပေးနေသော တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) သင်တန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းခရီးစဉ်အတွင်းမှာပင် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်က အားကစားခန်းမနှင့် တည်းခိုဆောင်လုပ်ငန်း၊ ဆန်၊ ဆီ၊ ဆားအပါအဝင် ဒေသထွက်ကုန်အရောင်းဆိုင်၊ အေးသာယာ၌ ဖွင့်လှစ်ထားသည့် ကိုအော့ပ်(Co-op)ဆေးရုံ၊ ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးကျေးရွာ၌ ဆောင်ရွက်နေသည့် ဗေဒါမြေဆွေးမှ သဘာဝမြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို ဝင်ရောက်အားပေးကြည့်ရှုခဲ့ပါသည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း ခရီးစဉ်တွင် အောက်ပါအတိုင်း လမ်းညွှန်ခဲ့ပါသည် -

**“အင်းလေးကန်အတွင်း ကျွန်းမျောစိုက်ခင်းလုပ်ကိုင်မှုများကို လျှော့ချပြီး အင်းလေးကန် ထိန်းသိမ်းနိုင်ရေးအတွက် ဒေသခံများကို အသိပညာပေးဆောင်ရွက်သွားရန်နှင့် ဒိုက်၊ ဗေဒါများကို ဆယ်ယူပြီး ၎င်းတို့မှ မြေဩဇာထုတ်လုပ်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်”**

ယင်းလမ်းညွှန်ချက်အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အောက်တိုဘာ ၂ ရက်က တောင်ကြီးမြို့တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဗေဒါမြေဆွေးဖြင့် သဘာဝမြေဩဇာထုတ်လုပ်ရေး ပြည်နယ်သမဝါယမအသင်းစုချုပ်အား တာဝန်ပေးရန်၊ နည်းပညာကို စိုက်ပျိုးရေးဦးစီးဌာနမှ ရယူရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ရန်၊ လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြရန် ညှိနှိုင်းမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ကြီးကြပ်မှုကော်မတီများဖွဲ့စည်း**

ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်အနေဖြင့်လည်း ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် သမဝါယမဦးစီးဌာနသို့ စီမံချက်ရေးဆွဲတင်ပြခဲ့သည်။ ထို့အတူ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး၌ ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပြည်နယ်အဆင့် ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မတီကို စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ဦးဆောင်ပြီး သက်ဆိုင်ရာ ပြည်နယ်အဆင့် ဦးစီးဌာနများမှ အဖွဲ့ဝင် ၁၃ ဦး ပါဝင်ပါသည်။ အနီးကပ် ကူညီပံ့ပိုးပေးနိုင်ရန်အတွက်လည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးဖြင့် မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့သည်။

**သဘာဝမြေဩဇာ စတင်စမ်းသပ်ထုတ်လုပ်**

သဘာဝမြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးရန် ရွေးချယ်ထားသောနေရာမှာ ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ ရှမ်းပြည်နယ် သမဝါယမအသင်းစုပိုင် မြေနေရာဖြစ်ပါသည်။ ငါးဧကခန့် ကျယ်ဝန်းပြီး ယခင်က ငါးမွေးမြူရေးလုပ်ကိုင်ခဲ့သည့် ကန်ဟောင်းနေရာလည်း ဖြစ်သည်။ ဗေဒါမြေဆွေး စုပုံထားသောနေရာမှာ ညောင်ရွှေလှေဆိပ်မှ သုံးမိုင်ခန့်ဝေးပါသည်။ လှေဆိပ်သို့ရောက်လာသည့် ဗေဒါကုန်ကြမ်းများကို ကားဖြင့်တင်၍ နှစ်မိုင်ခန့်ဝေးသော စိုက်ပျိုးရေးကျေးရွာသို့ ဆက်လက်သယ်ယူကြရပါသည်။ ရေလမ်း သုံးမိုင်၊ ကုန်းလမ်း နှစ်မိုင် စုစုပေါင်း ငါးမိုင်ခန့် ဝေးပါသည်။

ဗေဒါသဘာဝမြေဩဇာတွင် အဓိကပါဝင်သော ကုန်ကြမ်းများမှာ ဗေဒါစိမ်း၊ ဗေဒါ မြေဆွေး၊ ကြက်ချေးခြောက်၊ နွားချေးခြောက်၊ အရိုးမှုန့်၊ ဂေါ်ဒန်ကျောက်မှုန့်၊ စပါးခွံ၊ EM ဖျော်ရည်၊ တင်လဲရည်တို့ဖြစ်သည်။ ညောင်ရွှေမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဗေဒါစိမ်း၊ ကြက်ချေးခြောက်၊ စပါးခွံ၊ EM ဖျော်ရည်၊ တင်လဲရည်ကုန်ကြမ်းများ အသုံးပြု၍ ၆ပေ x ၄ပေ x ၄ပေ မြေဆွေးပုံ အလွှာခြောက်လွှာပြုလုပ်ကာ စတင်စမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။ တွေ့ရှိချက်အပေါ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စပါးခွံနှင့် ကျောက်မှုန့်များကိုပါ ထည့်သွင်းအသုံးပြုရန် အကြံပြုခဲ့သည်။ ထိုသို့ အကြံပြုချက်အရ ထပ်မံထုတ်လုပ်ခဲ့သော သဘာဝမြေဩဇာ၏ စိုထိုင်းဆ (Moisture)၊ နိုက်ထရိုဂျင် (N)၊ ဖော့စဖောရပ် ($P_2O_5$)၊ ပိုတက်စီယမ် ($K_2O$)၊ ဆာလဖာ (S)၊ အော်ဂဲနစ်ပစ္စည်း (Organic Matter)၊ ကာဗွန်နှင့် နိုက်ထရိုဂျင်အချိုး(C:N) တို့ကို သိရှိနိုင်စေရန် ရန်ကုန်မြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲသို့ နမူနာပေးပို့ ဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ပဏာမစမ်းသပ် တွေ့ရှိချက်များအရ နိုက်ထရိုဂျင်ပါဝင်မှုနှင့် အော်ဂဲနစ်ပစ္စည်းပါဝင်မှုနှုန်းထားများမှာ သင့်တော်ကောင်းမွန်သောအခြေအနေ တွေ့ရှိရပါသည်။ သာမန်သဘာဝမြေဆွေးမှ ဈေးကွက်ဝင် တောင်သူကြိုက် သဘာဝမြေဆွေးဖြစ်လာစေရန် ထပ်မံစမ်းသပ်ထုတ်လုပ် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ထပ်မံစမ်းသပ် ရယူထားသောအဖြေမှာ *စာမျက်နှာ ၁၇ သို့*



ဗေဒါအပါအဝင် အခြားကုန်ကြမ်းများဖြင့် သဘာဝမြေဩဇာထုတ်လုပ်နေစဉ်။

# စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ပထမဆုရစာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**

**ဆည်းဆာရာသစာတမ်းများ**

စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ ဇာတ်ညွှန်းအကယ်ဒမီ ကိုကိုလေး၏ "ဆည်းဆာရာသစာတမ်းများ" စာအုပ်တွင် အသက်အရွယ် ဘဝအတွေ့အကြုံကို အခြေပြုကာ ပတ်ဝန်းကျင်အထိအတွေ့နှင့် ပေါင်းစပ်ပြီး စိတ်ဝင်စားဖွယ်အကြောင်းရပ် ဝေဝေဆာဆာဖြင့် ရေးဖွဲ့ထားသည်။ လောကကြီးတွင် ပတ်ဝန်းကျင်၌ ပြောလေ့ဆိုထရှိပြီး ယဉ်ပါးသော အသုံးအနှုန်းဖြင့် တွင်ကျယ်နေသော အဆိုအမိန့်၊ အပြောအဆို၊ လမ်းညွှန်အမှတ်အသားများထဲက အတွေးကို သမားရိုးကျ မှတ်တမ်းခွဲကာ မျက်မှောက်ခေတ် မြန်မာစာပေလောကတွင် ခေတ်စားလာသော ရသဟန် စာပဒေသာအဖွဲ့ဖြင့် စုစည်းထားသောကြောင့် စာဖတ်ပရိသတ်များ ဖတ်ရှုရာတွင် ရိုးအီမသွားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရောင်းဈေး ကျပ် ၂၀၀၀ ဖြစ်သည်။

**ကချင်ပြည်နယ်တိုင်းရင်းသားများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း**

နိုင်ငံရေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ဖွဲသန်းသျှင်း (သုံးဆယ်) ၏ "ကချင်ပြည်နယ်တိုင်းရင်းသားများ၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း" စာအုပ်တွင် အင်္ဂလိပ် - မြန်မာစစ်ပွဲသုံးကြိမ် ရင်ဆိုင်ပြီး မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်မှ ပင်လုံညီလာခံအပြီး ၁၉၄၇ ခုနှစ်၊ ဇွန်လ တိုင်းပြုပြည်ပြုလွှတ်တော်ပထမညီလာခံတွင် ကချင်ပြည်နယ် ဖွဲ့စည်းရေးအတွက် ကချင်ကိုယ်စားလှယ်များ ကြိုးပမ်းခဲ့သည့် နှစ် ၅၀ လွတ်လပ်ရေး တိုက်ပွဲခရီးစဉ်ကို အခန်း ၁၁ ခန်းဖြင့် ဖွဲ့စည်းထားပါသည်။ ရက်စဉ်သမိုင်း၊ အတ္ထုပ္ပတ္တိအကျဉ်း၊ ဓာတ်ပုံ၊ ကျမ်းကိုးစာရင်း ဝေဝေဆာဆာဖြင့် ပြုစုရေးသားထားသောကြောင့် နိုင်ငံရေးကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်များ ဗဟုသုတတိုးပွားစေမည့်အပြင် အိမ်မှာ ဆောင်ထားသင့်သော လက်မလွှတ်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ရောင်းဈေး ကျပ် ၂၅၀၀ ဖြစ်သည်။

**လမင်းစန္ဒာ လင်းပါစေနှင့် အခြားဝတ္ထုတိုများ**

ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာမ သက်သက်နွယ် ၏ "လမင်းစန္ဒာ လင်းပါစေနှင့် အခြားဝတ္ထုတိုများ" စာအုပ်တွင် ဝတ္ထုတို ၁၆ ပုဒ်ပါဝင်ကာ ယနေ့ခေတ်ကာလ ပြည်သူများအကြား ပိုမိုအဖြစ်များလာပြီး လူတိုင်းက အလေးဂရုပြုလာကြသော အိမ်တွင်းအကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ အွန်လိုင်းအကြမ်းဖက်မှု စသည့် ကြေကွဲစရာဖြစ်စဉ်များအပေါ် အခြေခံ၍ အမှုအခင်း၏ သားကောင်အမျိုးသမီးများ၊ ကလေးသူငယ်များ၏ ဘဝနှင့်ဒုက္ခကို မီးမောင်းထိုး ဖော်ကျူးပြထားသော ဝတ္ထုတိုကောင်းလက်ရာမွန်များဖြစ်သည်။

ထို့ပြင် စာရေးသူကိုယ်တိုင်သည်လည်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်သိမ့်ဆွေးနွေးရေးဌာနတွင် နှစ်သိမ့်ဆွေးနွေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သဖြင့် အကြောင်းအရာပိုင်းဆိုင်ရာ ရေးဖွဲ့ရာ၌ ကျွမ်းကျင်ပိုင်နိုင်သည်ကို တွေ့ရမည်ဖြစ်ပြီး ဝတ္ထုများတွင် ကျူးလွန်ခံရသူ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အုပ်ထိန်းသူများ သင်ခန်းစာရယူနိုင်စေရန်၊ ပညာဗဟုသုတရှိစေရန်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ထိန်းသိမ်းတတ်စေရန်နှင့် မှန်မှန်ကန်ကန် ဆင်ခြင်စဉ်းစားဆုံးဖြတ်နိုင်စေရန်ရည်ရွယ်သော စာရေးသူ၏ စေတနာကိုလည်း တွေ့မြင်ရမည် ဖြစ်သည်။ စာအုပ်ရောင်းဈေးမှာ ကျပ် ၂၀၀၀ ဖြစ်သည်။

**ပန်းတစ်ပွင့် လန်းစွင့်ခဲ့ပြီ**

လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာမ သက်ဦးခင်၏ "ပန်းတစ်ပွင့် လန်းစွင့်ခဲ့ပြီ" စာအုပ်တွင် စာရေးသူငယ်စဉ်က ကျောင်းသားဘဝ အပြိုင်အဆိုင် ကြိုးစားအောင်မြင်ခဲ့ပုံများ၊ အခက်အခဲများကို ကျော်လွှားကာ အောင်မြင်သော ဘဝမှတ်တိုင်တစ်ခု စိုက်ထူခဲ့ပုံများကို အားကျအတုယူဖွယ် ရေးသားထားသည်။ ထို့ပြင် အညာဒေသကျေးလက်နှင့် မြို့ပြဓလေ့၊ မြန်မာ့လူနေမှုဘဝနှင့် ခေတ်ပြိုင်အခြေအနေများကို ပေါ်လွင်အောင် ရေးသားထားပြီး မြန်မာမှု မြန်မာ့ဓလေ့များလည်း စုံလင်စွာခြံရံရေးသားထားသော လူငယ်စာအုပ်ကောင်းတစ်အုပ်ဖြစ်ကာ ရောင်းဈေး ကျပ် ၂၀၀၀ ဖြစ်သည်။

**အမေ ကဗျာဆရာမနှင့် အခြားကဗျာများ**

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ ကိုလေးပြည့်၏ "အမေ ကဗျာဆရာမနှင့် အခြားကဗျာများ" စာအုပ်တွင် ကဗျာပုဒ်ရေ ၇၀ ပါရှိပြီး လေးလုံးစပ်၊ ရှစ်လုံးဖွဲ့၊ လေးဆစ်ချိုး၊ လေးချိုး၊ တျာချင်း၊ နွယ်သာကီသံဖြတ် စသည်ဖြင့် ကဗျာဖွဲ့နည်းစုံလင်စွာ ပါရှိသည့်အပြင် အကြောင်းအရာမှာလည်း စုံလင်ရုံမျှသာမက တင်ပြပုံများလည်း ဆန်းသစ်သည်။ မိဘကျေးဇူး၊ ဆရာကျေးဇူးများကို ဖွဲ့ဆိုသကဲ့သို့ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ကိုလည်း ဖွဲ့ဆိုသီကုံးထားပြီး စိတ်ခွန်အားပေးသော ကဗျာများ၊ နှလုံးသားအာဟာရကဗျာများ၊ ကျေးလက်အလှကဗျာများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ကဗျာများ စသည်တို့ကိုလည်း ရေးသားဖွဲ့ဆိုထားသော ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ရောင်းဈေး ကျပ် ၁၅၀၀ ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေပထမဆုရ လွင်မြန်မာ(မန်းတက္ကသိုလ်) ရေးသားသည့် "မြန်မာ့ရွှေချည်ထိုး" စာအုပ်ကို ၂၀၂၂ ခုနှစ် ဇူလိုင်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်း ဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သိရသည်။

---

*စာမျက်နှာ ၁၆ မှ*

Moisture ၁၂ ဒသမ ၃၃ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ ဖော့စဖောရပ် ၀ ဒသမ ၄ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၀ ဒသမ ၄ ရာခိုင်နှုန်း၊ ဆာလဖာ ၃ ဒသမ ၁၄ ရာခိုင်နှုန်း၊ အော်ဂဲနစ်ပစ္စည်းပါဝင်မှု ၂၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကာဗွန်နှင့် နိုက်ထရိုဂျင်အချိုး ၁၂:၀၉ ဖြစ်ကြောင်း သိရသည်။

**ဖြန့်ဖြူးရောင်းချရန်အသင့်**

လတ်တလော စမ်းသပ်ထုတ်လုပ်ပြီးသော ၅၀ ကီလိုအိတ် ၃၄၃ အိတ်ကို တစ်အိတ်ကျပ် ၁၅၀၀၀ နှုန်းဖြင့် စပါးစိုက်တောင်သူ၊ ပြောင်းစိုက်တောင်သူ၊ ပန်း၊ သရက်၊ ထောပတ် စိုက်ပျိုးသောတောင်သူများထံ ရောင်းချပေးထားပြီးဖြစ်သည်။ ထွက်နှုန်းကို တိုင်းတာ၍ မရသေးသော်ငြားလည်း အပင်ဖြစ်ထွန်းကြီးထွားမှု၊ ရှင်သန်မှုတို့မှာ အားရစရာကောင်းကြောင်း ကြားသိရသည်။ ဗေဒါမြေဆွေး ၁၄၄ တန်မှ ထွက်ရှိလာမည့် ၅၀ ကီလိုအိတ် ၂၈၀၀ ကျော်မှာလည်း ထုပ်ပိုးရောင်းချရန် အသင့်ဖြစ်နေပေပြီ။ စဉ်ဆက်မပြတ် ထုတ်လုပ်သွားနိုင်ရေးအတွက် ဗေဒါမြေဆွေးကုန်ကြမ်း ၅၄၅ တန်ကို စက်လှေတစ်တန် ကားတစ်တန်ဖြင့် သယ်ယူစုဆောင်းထားရှိပြီး ဖြစ်သည်။ အခြားကုန်ကြမ်းများဖြစ်သည့် နွားချေး၊ ကြက်ချေး၊ အရိုးမှုန့်၊ ကျောက်မှုန့်၊ EM နှင့် တင်လဲရည်များရရှိဖို့လည်း အခက်အခဲမရှိကြောင်း သိရသည်။ တစ်ရက်လျှင် အိတ် ၂၀၀ ကျဗေဒါမြေဆွေး အမှုန့်ကြိတ်စက် (ရိုက်စက်)နှင့် ၁၅ HP မော်တာဝယ်ယူတပ်ဆင်ထားပြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကုန်ကြမ်းရောမွှေစက်ဝယ်ယူရန် ငွေကျပ် ၁၈၆ သိန်း ထောက်ပံ့ပေးထားပါသည်။

**ထုတ်ကုန်အမှတ်တံဆိပ် "ဗေဒါ"**

ကဗျာစာဆိုအကျော်အမော် ဆရာကြီးဇော်ဂျီ၏ ဗေဒါလမ်းကဗျာကို မသိသူမရှိပါ။ ထို ကဗျာထဲမှာ ဗေဒါ၏အားမာန်ကို ကျွန်တော်တို့ မြင်ခဲ့ရသည်။ အတုယူအားကျခဲ့ရသည်။ စိတ်ခွန်အားတွေ ရခဲ့သည်။ ယခုလည်း ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်သည် "ဗေဒါ" ဟူသော ကုန်ထုတ်အမှတ်တံဆိပ်ဖြင့် စွမ်းအားဖြည့်သဘာဝမြေဩဇာများကို ထုတ်လုပ်တော့မည်ဖြစ်သည်။ သဘာဝမြေဩဇာ ထုတ်လုပ်ခွင့်မှတ်ပုံတင်ကိုလည်း ပြီးခဲ့သည့် ဇွန် ၂၉ ရက်က ရရှိထားပြီးဖြစ်သည်။ သမဝါယမ၏ သင်္ကေတအမှတ်အသားဖြစ်သည့် ရောင်စဉ်ခုနစ်သွယ်သက်တံ့ကို နောက်ခံထား၍ ဗေဒါပင်နှင့် ပန်းပွင့်ပုံ ရိုက်နှိပ်ဖော်ပြထားသည်။ ပါဝင်ဓာတ်ပစ္စည်း အမျိုးအစားများနှင့် သုံးစွဲရန်အညွှန်းကို ထည့်သွင်းပေးထားပါသည်။ လတ်တလော ထုတ်လုပ်ရောင်းချမည့် ဗေဒါသဘာဝမြေဩဇာသည် အမှုန့်ဖြစ်သည်။ တောင်သူအများစု၏ အကြိုက်မှာ အတောင့်အခဲ ပုံသဏ္ဌာန်ဖြစ်ကြောင်း သိရ၍ အတောင့်အခဲ ပုံသဏ္ဌာန်ပြောင်းလဲထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကီလို ၅၀ သဘာဝမြေဩဇာအိတ်အစား တစ်ပိုင်တစ်နိုင် ထမ်းပိုးသယ်ဆောင်နိုင်သော ၂၅ ကီလိုအိတ်များ ထုပ်ပိုးရောင်းချနိုင်ရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

**အင်းလေးကန်သို့ရောက်ခဲ့သည်**

ကျွန်တော် ဇူလိုင် ၇ ရက်က သွားရောက်ခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း ခရီးစဉ်တွင် ကလောမြို့နယ်ထဲ၌ SMART Village အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဘော်နင်းကျေးရွာလူထုနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ တောင်ကြီးမြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတွင် တက်ရောက် သင်ယူနေကြသော ကျောင်းသား ကျောင်းသူလေးများနှင့် တွေ့ဆုံအားပေးစကား ပြောကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ယခုတစ်ခေါက် ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်က ညောင်ရွှေမြို့ စိုက်ပျိုးရေးကျေးရွာတွင် ဆောင်ရွက်နေသော ဗေဒါမြေဆွေးကုန်ကြမ်းအခြေခံအားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးရန် ဖြစ်ပါသည်။ သဘာဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုလေ့လာရုံမျှမက အင်းလေးကန်ထဲမှ ဗေဒါမြေဆွေးကုန်ကြမ်း ရယူသည့်နေရာအထိ စက်လှေများဖြင့် သွားရောက်ကြည့်ရှုခဲ့ပါသည်။ အင်းလေးကန်ထဲမှ ဗေဒါများကို သက်ဆိုင်ရာက စနစ်တကျဆယ်ယူစုပုံပေးထားသည်။ စွမ်းအားဖြည့်သဘာဝမြေဩဇာထုတ်လုပ်ရန် ဗေဒါမြေဆွေးကုန်ကြမ်းလုံလောက်စွာ တွေ့ရှိရပါသည်။ ဗေဒါကို အကျိုးရှိရှိ၊ တန်ဖိုးရှိရှိ အသုံးချနိုင်၍လည်း ဝမ်းသာပီတိဖြစ်ရပါသည်။ ထိုနေ့က ဖြစ်နိုင်လျှင် ဗေဒါသဘာဝမြေဩဇာ ထည့်သွင်းစိုက်ပျိုးထားသော တောင်သူ ဦးကျော်မြင့်၏ စပါးစိုက်ခင်းသို့လည်းကောင်း၊ လမ်းဦးစီးဌာနမှ ဝန်ထမ်း ဦးကိုဦးနှင့် ဇနီးဒေါ်အေးအေးခိုင်တို့ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းသို့ လည်းကောင်း သွားရောက်ကွင်းဆင်းကြည့်ရှုလိုပါသေးသည်။ အချိန်မရတော့၍ ကြည့်ခွင့်မရခဲ့။ သို့သော် ထိုစပါးစိုက်ခင်းမှ နမူနာနုတ်ယူလာသော ပင်စည်ပင်ပွားအားကောင်းကောင်း စပါးပင်ပျိုများကို မြင်ခဲ့ရသည်။ ဗေဒါသည် မကြာသောကာလမှာ ရှမ်းပြည်နယ် တစ်နံတစ်လျားသို့ ရောက်ရှိသွားပါလိမ့်မည်။ ဗေဒါကိုသုံးစွဲခြင်းဖြင့် မြေဆီလွှာကောင်းမွန်လာခြင်း၊ အထွက်နှုန်းကောင်းခြင်း အကျိုးကျေးဇူးများကို လက်တွေ့ခံစားကြရပါလိမ့်မည်။ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်ကဲ့သို့ပင် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ သမဝါယမအသင်းစုချုပ်များ၊ အသင်းစုများအနေဖြင့်လည်း အခြေခံကုန်ကြမ်း အမျိုးမျိုးအသုံးပြုကာ သဘာဝမြေဩဇာများ ထုတ်လုပ်၍ နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်း သွင်းအားစုများ အထိုက်အလျောက် လျှော့ချနိုင်ရေး၊ တန်ဖိုးသင့် သဘာဝမြေဩဇာများဖြင့် တောင်သူလယ်သမားတို့၏ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# နိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား မိတ်ဆက်တင်ပြခြင်း

ဦးကျော်ကျော်(တရားရေး)

ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။ မှန်မှန်နှင့် မြန်မြန်စီရင်ပါ။ လုပ်ထုံးညီညီ ဆောင်ရွက်ပါ။ လာဘ်ပေးလာဘ်ယူ ကင်းရှင်းပါ။ ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပါဟူသည့် တရားစီရင်ရေး ဆောင်ပုဒ်များအရလည်းကောင်း၊ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးပေါ်ထွန်းရေး၊ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဟူသော တရားရုံးများ၏ ရည်မှန်းချက်များကို လည်းကောင်း၊ အများပြည်သူ၏ တရားမျှတမှု လက်လှမ်းမီစေရေးကို အကောင်အထည်ဖော်ရန်၊ လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်ထိန်းသိမ်းရန်၊ အမှုများ စစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်ဟူသည့် တရားရုံး၏ လုပ်ငန်းနယ်ပယ်များကိုလည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်းသည့် "တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ" အား ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ပြဋ္ဌာန်းခဲ့သည့်အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ်၏ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)၏ စတုတ္ထနှစ် မဟာဗျူဟာ လုပ်ငန်းအစီအစဉ် (၂၀၂၁) ပါ လုပ်ငန်းတစ်ရပ်ကို အောင်အောင်မြင်မြင် အကောင်အထည် ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

### ပြောင်းလဲကျင့်သုံးတော့မည်

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ၂၀၁၉ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများလည်း ရရှိနေပြီဖြစ်သည့် "တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်" အား "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" အဖြစ် နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်ကာ ပြောင်းလဲကျင့်သုံးတော့မည်ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေးနှင့် သက်ဆိုင်သည့် "တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၈၉-က တွင် (1) The Court may make mediation to a dispute in the case which has civil nature pursuant to this section. (2) The Court may refers the following cases to mediation: (a) cases which are prescribed to be mediated by any law or by any notification issued by the Supreme Court of the Union; and (b) cases which are voluntarily referred to mediation by disputant parties. (3) The proceedings of mediation shall be confidential. Any communication, statement and admission made during mediation process shall not be admissible in any subsequent hearing of the same suit or any other proceedings. (4) Where the parties to mediation reach an agreement, the parties shall apply the Court to verify the agreement. The Court shall pass an order or a decree, as it thinks fit, in accordance with the relevant provisions of the Code of Civil Procedure. (5) The Supreme Court of the Union may issue notifications, orders, directives, procedures and manuals relating to mediation under this section as may be necessary. Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitates the parties to reach a mutually agreeable solution. ဟူ၍ ဖြည့်စွက်ပြဋ္ဌာန်းထားသည်။

> ❑ **တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုသည်မှာ တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုအား အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင်ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းဖြစ်**

### အခွင့်အာဏာအပ်နှင်းထား

ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့် ပုဒ်မ ၈၉-က တွင် ပုဒ်မခွဲ ၅ ခုပါရှိရာ ပုဒ်မခွဲ (၁)တွင် တရားမကြောင်းဆိုင်ရာ အငြင်းပွားမှုများကို တရားရုံးက စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ အပ်နှင်းကြောင်းကို လည်းကောင်း၊ ပုဒ်မခွဲ(၂)တွင် တရားရုံးက စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်နိုင်သည့်အမှုများကို သတ်မှတ်ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲငယ်(က)အရ ဥပဒေဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာဖြင့်သော်လည်းကောင်း သတ်မှတ်ထားသည့် တရားမမှုများကို အမှုမစစ်ဆေးမီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲအပ်ရန်ဖြစ်ကြောင်းကိုလည်းကောင်း၊ ပုဒ်မခွဲ(၃)တွင် စေ့စပ်ဖြေရှင်းရေး၏ အဓိက အခြေခံမှုအဖြစ် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ချက်များအား ပေါက်ကြားမှုမရှိစေရန် လုံခြုံစွာ ထိန်းသိမ်းရမည်ဖြစ်ကြောင်းနှင့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ်အတွင်း ဆက်သွယ်ဆောင်ရွက်ချက်၊ ထုတ်ဖော်ပြောကြားချက်၊ ဝန်ခံချက် တစ်စုံတစ်ရာနှင့်စပ်လျဉ်း၍ အဆိုပါအမှုကို ဆက်လက်ကြားနာစစ်ဆေးရာတွင်ဖြစ်စေ၊ အခြားမှုခင်းဆောင်ရွက်ရာတွင် ဖြစ်စေ မည်သည့်နည်းနှင့်မျှ သက်သေခံအဖြစ် အသုံးမပြုရန် တားမြစ်ကြောင်းကို လည်းကောင်း၊ ပုဒ်မခွဲ(၄)တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် အမှုသည်များ သဘောတူညီချက်ရရှိပြီးနောက် တရားရုံးတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဖြစ် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့်အမှုမှာ တရားရုံးတွင် စွဲဆိုထားသည့် တရားမကြီးမှုဖြစ်သည့်အတွက် အမှုသည်များအနေဖြင့် စေ့စပ်ဖြေရှင်းရေး သဘောတူညီချက်ရရှိပြီးနောက်တွင် ယင်းသဘောတူညီချက်ကို အခြေခံပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရရှိရန် တရားရုံးတွင် တင်ပြလျှောက်ထားရမည် ဖြစ်ကြောင်းကို လည်းကောင်း၊ ပုဒ်မခွဲ(၅)တွင် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် လက်စွဲတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်နိုင်ရန် အခွင့်အာဏာ အပ်နှင်းကြောင်းကို လည်းကောင်း ပြဋ္ဌာန်းထားသည်။

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ဆိုသည်မှာ တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုအား အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌ အမှုသည်များကိုယ်တိုင် ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းဖြစ်သည်။

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို သတ်မှတ်ထားသည့် အမှုအမျိုးအစားများမှအပ ကျန်တရားမမှုများအား အမှုသည်တို့၏ ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခြင်း၊ စေ့စပ်ဖြေရှင်းရေးတွင် မပါဝင်လိုတော့ကြောင်း (သို့မဟုတ်) စေ့စပ်ဖြေရှင်းရေးကို ဆက်လက်မဆောင်ရွက်လိုတော့ကြောင်း အမှုသည်တစ်ဖက်ဖက်က (သို့မဟုတ်) နှစ်ဖက်အမှုသည်များက စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့် မည်သည့်အဆင့်တွင်မဆို ထုတ်ဖော်ပြောကြားလာသည့်အခါ စေ့စပ်ဖြေရှင်းရေးအရာရှိက အမှုသည်တို့၏ ဆန္ဒအရ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်မှုကို အပြီးသတ် ခွင့်ပြုခြင်း၊ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်တစ်လျှောက်တွင် အမှုသည်များနားလည်ရလွယ်ကူပြီး ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများကို အသုံးပြုခြင်း၊ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ် အမှုသည်တို့၏ ပြောကြားချက်များ၊ တင်ပြသည့် အထောက်အထားများ၊ ညှိနှိုင်းချက်များ၊ ဝန်ခံချက်များကို အမှုသည်တို့၏ သဘောတူညီချက်မပါဘဲ ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ လုံခြုံစွာ ထိန်းသိမ်းထားရှိခြင်း၊ စေ့စပ်ဖြေရှင်းရေး အရာရှိသည် လုပ်ငန်းစဉ်တစ်လျှောက် ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျကျ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်း၊ နှစ်ဖက်အမှုသည်များက သဘောတူလက်ခံသည့် သဘောတူညီချက်ကိုသာ စေ့စပ်ဖြေရှင်းရေး သဘောတူညီချက်အဖြစ် အသိအမှတ်ပြုခြင်းဟူသော အခြေခံမှုများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

တရားရုံးသို့ စတင်စွဲဆိုတင်ပို့လာသော တရားမမှုများအနက် မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာ အငြင်းပွားမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို အမှုမစစ်ဆေးမီအဆင့်တွင် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

အထက်ပါ အမှုအမျိုးအစားတွင် မပါဝင်သော်လည်း အမှုသည်တို့က ၎င်းတို့၏ သဘောဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်လိုကြောင်း တရားရုံးတွင် တင်ပြလာသည့်အခါ အမှုစစ်တရားသူကြီးသည် ယင်းအမှုအား သတ်မှတ်ချက်နှင့်အညီ စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးအပ်၍ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်နိုင်သည်။

### အကျိုးကျေးဇူးများရရှိ

တရားမမှုများကို စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်းအားဖြင့် အမှုသည်များနှင့် တရားရုံးတို့သည် (၁) အမှုသည်များသည် မိမိတို့ အမှန်တကယ် အငြင်းပွားနေသည့်ပြဿနာအပေါ် မိမိတို့ကိုယ်တိုင် ညှိနှိုင်း ဖြေရှင်းအဖြေရှာရခြင်းဖြစ်သည့်အတွက် စေ့စပ်ဖြေရှင်းခြင်းရလဒ်အပေါ် စိတ်ကျေနပ်မှု မြင့်မားစေနိုင်ခြင်း၊ (၂) စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်စဉ် အချင်းချင်း ညှိနှိုင်းအဖြေရှာခြင်းအားဖြင့် နှစ်ဖက် အမှုသည်များအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေနိုင်ခြင်း၊ (၃) စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းသည် ရိုးရှင်းလွယ်ကူသည့်အတွက် လုပ်ငန်းစဉ်တစ်လျှောက် အမှုသည်များ လွယ်ကူသက်သာစွာ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ခြင်း၊ (၄) အမှုသည်များအနေဖြင့် မိမိတို့လျှို့ဝှက်ထားလိုသည့် အကြောင်းအရာများ၊ အထောက်အထားများကို အခြားသူများ မသိရှိစေဘဲ လုံခြုံစွာ ထိန်းသိမ်းထားရှိနိုင်ခြင်း၊ (၅) စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အခါ အမှုသည်များအနေဖြင့် ၎င်းတို့၏ အငြင်းပွားမှုကို အချိန်တိုအတွင်း ကုန်ကျစရိတ် သက်သာစွာဖြင့် ဖြေရှင်းပြီးစီးနိုင်ခြင်း၊ (၆) စေ့စပ်ဖြေရှင်းရေး အောင်မြင်သည့်အခါ တရားရုံးရှိ တရားမမှု လက်ကျန်လျော့ကျရေးကို အထောက်အကူဖြစ်စေနိုင်သည့်အပြင် တရားမမှုများ လျင်မြန်စွာ ပြီးပြတ်ရေးကိုလည်း အထောက်အကူဖြစ်စေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံး၌ "တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စမ်းသပ်အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုနယ်မြေရှိဒက္ခိဏခရိုင်တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန၊ တပ်ကုန်းမြို့နယ် တရားရုံးစေ့စပ်ဖြေရှင်းရေးဌာန၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနတို့အပြင် ကချင်ပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ ကယားပြည်နယ် တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ ကရင်ပြည်နယ် တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ ချင်းပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ မွန်ပြည်နယ် တရားလွှတ်တော်စေ့စပ်ဖြေရှင်းရေးဌာန၊ ရခိုင်ပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၊ ရှမ်းပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနများကို တိုးချဲ့ဖွင့်လှစ်တော့မည်ဖြစ်ရာ ပြည်သူအများသိရှိ၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ ခံစားနိုင်စေရန် မိတ်ဆက်တင်ပြအပ်ပါသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** အနတ္တလက္ခဏသုတ်တရားတော်
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၃၅** တရုတ်ကာတွန်း '**ပါးကွက်ကျားစွန့်စားခန်း**' (အပိုင်း-၈)(ဇာတ်သိမ်းပိုင်း)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** '**သီချင်းနိုင်ငံယာရီ-၂**' မြန်မာပြည်သိန်းတန်တေးသီချင်းများဖျော်ဖြေပွဲ ထုတ်လွှင့်မှု
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် '**ငြေနိုင်ငပါင်**' (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ)
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၂၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၇:၄၅** ဝါဆိုလမှာဓမ္မစကြာနှင့်အနတ္တလက္ခဏာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသိရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၁၀၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကြွေလည်းဝေမြဲတမ်းတဆဲ
**၂၁:၁၀** ဆေးရောင်စုံရုပ်ရှင် '**စုန်ငရဲ**' (ကျော်ဟိန်း၊ ခင်သန်းနု၊ မင်းဦး၊ ဇင်မာဦး)

**mitv**

**07:02** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:10** Dhammayangyi Temple
**07:25** Wushu Kids & Their Limit (Ep-1)
**07:37** Myanmar's Traditions and Culture "Myanmar Pottery"
**08:00** Palm-leaf Inscriptions and Parabaiks from Inlay Region
**08:09** Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)
**08:26** Today Myanmar: Pakokku Literature Award Presenting Ceremony
**08:37** Products of Myanmar - Stone Of The Heavens
**09:01** News
**09:26** Global Partnership for Brighter Future: Romania Pavilion at Expo 2020 Dubai
**09:33** Insight Myanmar: Manuscription (Epi-2) Forgotten Illustrated Manuscripts
**09:54** Dances of Myanmar: Rvwang Azulam Dance

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အတွေးအမြင်စုံစွာကျွန်တော်တို့လက်ရာ(သင်ခန်းစာ)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း
**ချင်း (ချို) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာခေါင်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မဏိစန္ဒာနှင့်ပုလဲစိန် (ပြီးပဒေသာ)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောစိုက်ခင်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပညာရှိကဏန်း(ပုံပြင်)
**ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အရိပ်တကြည့်ကြည့်**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** သုတဝေစည်တောင်သူဆီ
**၀၇:၄၅** ရွှေသဘွားမွေးခင်းသို့တစ်ခေါက်
**၀၈:၂၀** စာသင်ခန်းမှသည်လယ်တောဆီ (စိုက်ပျိုးရေးဇာတ်လမ်းတို)
**၀၉:၃၀** ခေတ်မီတွေးမြင်နည်းသစ်ထွင် (မှန်ညင်းစိုက်တောင်သူတစ်ဦးနှင့်တွေ့ဆုံခြင်း)
**၀၉:၅၀** သရက်ပင်ငယ်ပုံသွင်းခြင်းနှင့် အသီးဆွတ်ခူးပြီးနောက်ကိုင်းဖြတ်ပြုပြင်ခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၁၆ ရက်အတွင်း ကုမ္ပဏီ ခုနစ်ခု၊ ယာဉ်စီးရေ ၁၄ စီးဖြင့် PPE ဝတ်စုံ ၅၇၀၀ နှင့် နှာခေါင်းစည်း (Mask) ၈၈ ဒသမ ၁၆ တန်တို့ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ် နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မော်တော်ယာဉ်ကို နောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ ဘေးနှစ်ဖက်နှင့် နောက်သို့ ကြည့်ပြီး အန္တရာယ်ကင်းမှု အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။
(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။
(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။
(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။
(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာ နောက်ဆုတ်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆-၇-၂၀၂၂

**ရွှေ**

၁၆-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၂၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၀ ကျပ် | ၁၇၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၈၅ ကျပ် | ၁၈၂၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၇၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၅၀ | ၃၇၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၈၅၁ | ၂၂၁၃၁၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁ | ၇၃၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၅၀ | ၃၈၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂ | ၉၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# လယ်ယာမြေအတွင်း မိုးစပါးရာသီ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးစေချင်

ယခုအချိန်အခါသည် တောင်သူလယ်သမားများ မိုးစပါး စတင်စိုက်ပျိုးသည့် အချိန်ကာလဖြစ်သည်။ မြန်မာနိုင်ငံ၏စပါးကျီဟု ခေါ်ဆိုတင်စားရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အချို့မြို့နယ်များ၌ မိုးစပါးရာသီတွင် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကို ထည့်သွင်း စိုက်ပျိုးနေကြသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ဒေသအသီးသီးမှ တောင်သူများအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများအကြောင်းကို ဖော်ပြလိုက်ပါသည်။

မြန်မာအမည် – ပိုက်ဆံလျှော်
အင်္ဂလိပ်အမည် – Sunn Hemp
သိပ္ပံအမည် – Crotalaria juncea L
မျိုးရင်း – Leguminoseae
မူရင်းဒေသ – အိန္ဒိယ

**သွင်ပြင်လက္ခဏာ**

(၁) ကြီးထွားမှုလျင်မြန်သည့် သဘာဝသစ်စိမ်းမြေသြဇာအဖြစ် ထင်ရှားသည်။
(၂) တောက်ပသော အဝါရောင်ပန်းပွင့်ပြီး ထောင်မတ်၍ ကိုင်းဖြာသည့် တစ်နှစ်ခံပင်ဖြစ်သည်။
(၃) အပင်ပိုင်းကြီးထွားမှုမြန်သကဲ့သို့ အမြစ်ပိုင်းဆိုင်ရာကြီးထွားဖွံ့ဖြိုးမှု အားကောင်းသည့်အပင် ဖြစ်သည်။
(၄) မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ တိုးပွားစေရုံသာမက အပေါ်ယံမြေလွှာတိုက်စားမှုကို ကာကွယ်ပေးနိုင်သည်။
(၅) မြေအောက်ရေကို ထိန်းပေးနိုင်သည်။
(၆) စပါးမြစ်ဖု နီမတုတ်ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။

**သစ်စိမ်းမြေသြဇာပြုလုပ်ခြင်း**

(၁) မိုးရာသီ သစ်စိမ်းမြေသြဇာပြုလုပ်သည့်စိုက်ခင်းမှ တစ်ဧကလျှင် Bio Mass ငါးတန်မှ ခုနစ်တန်အထိ ထွက်ရှိမည်ဖြစ်သည်။
(၂) ရာသီဥတုအခြေအနေပေးပါက စိုက်ပျိုးပြီး ရှစ်ပတ်မှ ၁၂ ပတ်အတွင်း Bio Mass ၁၀ တန်လျှင် နိုက်ထရိုဂျင်ပမာဏ ၁၅၀ ကီလိုဂရမ်အထက် ထုတ်ပေးနိုင်သည်။
(၃) စိုက်ပြီး ရက် ၄၀ မှ ၄၅ ရက်သား ပန်းမပွင့်မီအချိန်သည် နိုက်ထရိုဂျင်ထုတ်လုပ်မှု အမြင့်မားဆုံးဖြစ်သည်။
(၄) ပန်းပွင့်ပြီး မျိုးစေ့ဖွံ့ဖြိုးချိန် နိုက်ထရိုဂျင်ထုတ်လုပ်မှု လျော့ကျသည်။ သစ်စိမ်းမြေသြဇာပြုလုပ်လိုပါက စိုက်ပျိုးပြီး ၄၅ ရက်သားသည် အကောင်းဆုံးဖြစ်၍ ထယ်ထိုးပြီး ထွန်မွှေပါ။

**စိုက်ပျိုးခြင်း**

**စိုက်ချိန်–** ရာသီအားလုံးစိုက်နိုင်ပြီး မျိုးစေ့ထုတ်စိုက်ပျိုးပါက မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မေလ၊ ဇွန်လနှင့် အောက်ပိုင်းဒေသများတွင် အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် စိုက်သင့်သည်။

**မြေအမျိုးအစား–** pH ၅ မှ ၈ ဒသမ ၅ အတွင်း မည်သည့်မြေအမျိုးအစားမဆို စိုက်နိုင်သည်။ နုန်းမြေသည် အသင့်တော်ဆုံးဖြစ်သော်လည်း မြေညံ့သည့် သဲဆန်သောဒေသများတွင် အခြားသီးနှံ စိုက်ပျိုးမရပါက ပိုက်ဆံလျှော်ကို စိုက်ပျိုးပါ။

**မျိုးစေ့နှုန်းထား–** သစ်စိမ်းမြေသြဇာအတွက် စိုက်ပါက တစ်ဧကလျှင် တန်းကြား တစ်ပေ၊ ပင်ကြား လေးလက်မ၊ မျိုးစေ့ ၂ ဒသမ ၅ ပြည်နှုန်း၊ ကြဲပက်စိုက်ပါက လေးပြည်မှ ခြောက်ပြည်နှုန်း သုံးစွဲပေးပါ။

**အထွက်နှုန်း–** မိုးရာသီ သစ်စိမ်းမြေသြဇာပြုလုပ်သည့် စိုက်ခင်းမှ တစ်ဧကအတွက် Bio Mass ငါးတန်မှ ခုနစ်တန်အထိ ရရှိနိုင်သည်။ မျိုးစေ့ထုတ်စိုက်ခင်းမှ တစ်ဧကလျှင် ရှစ်တင်းမှ ၁၀ တင်းနှုန်း ထွက်ရှိသည်။

**မျိုးစေ့ထုတ်လုပ်ခြင်း**

မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးပါက တစ်ဧကလျှင် တန်းကြား ၁ ဒသမ ၅ ပေ၊ ပင်ကြား ခြောက်လက်မ၊ မျိုးစေ့ ၁ ဒသမ ၅ ပြည်နှုန်း သုံးစွဲပါ။ မျိုးစေ့ထုတ်ပါက သက်တမ်းငါးလ (ရက် ၁၅၀) အတွင်း အသီး

**"သစ်စိမ်းမြေသြဇာကို မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးပါက တစ်ဧကလျှင် တန်းကြား ၁ ဒသမ ၅ ပေ၊ ပင်ကြား ခြောက်လက်မ၊ မျိုးစေ့ ၁ ဒသမ ၅ ပြည်နှုန်း သုံးစွဲပါ။ မျိုးစေ့ထုတ်ပါက သက်တမ်းငါးလ(ရက် ၁၅၀) အတွင်း အသီးတောင့်လေးများ သားရေသားကဲ့သို့ဖြစ်လာပြီး ဖောင်းတင်းနေချိန်တွင် ရိတ်သိမ်းပါ"**

ချစ်သက်လယ် (ပြန်/ဆက်)

တောင့်လေးများ သားရေသားကဲ့သို့ဖြစ်လာပြီး ဖောင်းတင်းနေချိန်တွင် ရိတ်သိမ်းပါ။ အလွယ်ကူဆုံး ခန့်မှန်းရန်မှာ အပင်ကို လှုပ်ကြည့်ပါက အသီးတောင့်လေးများ လှုပ်လာသံကြားလျှင် ရိတ်သိမ်းရန် အကောင်းဆုံးဖြစ်သည်။

**သက်တမ်းတိုတိုနှင့် အကျိုးများသည့် ပိုက်ဆံလျှော်**

သီးနှံများ အထွက်နှုန်းတိုးစေရန် ဓာတ်မြေသြဇာများကို နှစ်စဉ်ဆက်တိုက် လွန်ကဲစွာသုံးစွဲမှုကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတုပိုင်းနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ ထိခိုက်လာခြင်းကို ပြုပြင်ရန်နှင့် ဓာတုဓာတ်ကြွင်းများကြောင့် လူနှင့်သတ္တဝါများ အသက်အန္တရာယ်ဆုံးရှုံးရမှုကို ကျော်လွှားနိုင်ရန် အချိန်တိုအတွင်း ကြီးထွားမှုမြန်ဆန်၍ နိုက်ထရိုဂျင်ပမာဏ များများထုတ်ပေးသည့် ပိုက်ဆံလျှော်ကို နှံစားနှင့် အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေသြဇာအဖြစ် စိုက်ပျိုးနိုင်သည်။ မြေဖုံးပင်အဖြစ် စိုက်ပျိုးပါကအကျိုးများသည့် သီးနှံဖြစ်ပါသည်။

- ပုံမှန်အားဖြင့် ပိုက်ဆံလျှော်သည် ပိုးမွှားရောဂါကျရောက်မှုနည်းပါး၍ ပိုးသတ်ဆေးသုံးရန် မလိုပါ။
- တောက်ပသည့် အဝါရောင်ပန်းပွင့်များကြောင့် ပျား၊ နကျယ်များကို ဆွဲဆောင်နိုင်၍ ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နိုင်သည်။
- နီမတုတ်ရောဂါကျရောက်မှုကို လျှော့ချပေးသည့်အတွက် သီးလှည့်စိုက်ပေးနိုင်သည်။
- သစ်စိမ်းမြေသြဇာသုံးစွဲခြင်းဖြင့် မြေကြီးထဲတွင် အကျိုးပြုဗက်တီးရီးယားများနှင့် တီကောင်များ ပွားများစေပါသည်။ ထိုအကျိုးပြုသက်ရှိများ များလေလေ အပင်အတွက် အသုံးဝင်သော အာဟာရများကို ဖြိုခွဲပေးနိုင်လေလေ ဖြစ်သည်။
- သစ်စိမ်းမြေသြဇာကို နှစ်ရာသီ၊ သုံးရာသီလောက် ဆက်တိုက်စိုက်ပျိုးပါက ပေါင်းပေါက်ရောက်မှုကို သိသိသာသာ လျော့နည်းစေမည်ဖြစ်ပါသည်။
- သစ်စိမ်းမြေသြဇာ ထည့်ပေးခြင်းဖြင့် မြေကြီး၏ အပူချိန်ကို ထိန်းညှိပေးနိုင်စွမ်း ရှိပါသည်။ နွေရာသီအချိန်မှာ မြေကြီးကို အပူချိန်အလွန်မတက်အောင် ထိန်းပေးထားနိုင်သလို ဆောင်းရာသီတွင်လည်း မြေကြီးအပူချိန် အလွန်ကျမသွားအောင် ကူညီပေးပါသည်။
- သစ်စိမ်းမြေသြဇာပင်များ၏ အမြစ်များက မြေကြီးနက်နက်ထဲသို့ဆင်းနိုင်ပြီး အပင်အာဟာရများကို အပေါ်ယံမြေဆီလွှာသို့ သယ်ဆောင်ပေးပါသည်။
- သစ်စိမ်းပင်များသည် သီးနှံပင်များကို ကူညီပေးရုံသာမက ပတ်ဝန်းကျင်ကိုပါ ကူညီပေးပါသည်။ သစ်စိမ်းမြေသြဇာ သုံးခြင်းအားဖြင့် ဓာတ်မြေသြဇာများများသုံးရန် မလိုအပ်ပါ။ ဓာတ်မြေသြဇာ လျှော့သုံးလိုက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ရှိ မြေကြီးနှင့် ရေထဲသို့ ဓာတုအဆိပ်များစီးဆင်းမှုကို လျော့နည်းစေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။





အိမ်မဲမြို့နယ်အတွင်း၌ သစ်စိမ်းမြေသြဇာစိုက်ပျိုးပွဲများ ပြုလုပ်စဉ်။

## မန္တလေးဈေးကွက်တွင် ဂျုံသီးနှံများ ဈေးကောင်းရရှိ၍ အရောင်းသွက်

**မန္တလေး ဇူလိုင် ၁၆**

ယခုရက်ပိုင်းအတွင်း ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် မြန်မာ့လယ်ယာထွက်ကုန် ဂျုံသီးနှံများ ဈေးကောင်းများရရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးပွဲရုံသည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်များသွက်နေသည့် ဂျုံများမှာ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်စသည့် ဒေသများမှထွက်ရှိပြီး ရှမ်းပြည်နယ်မှ ထွက်ရှိလာသည့် ရှမ်းဂျုံများလည်း အရောင်းအဝယ်သွက်နေကြောင်း၊ ယခုနှစ် မတ်လအတွင်းက ဗမာဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ဈေးနှင့် ရှမ်းဂျုံမှာ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဈေးရှိခဲ့သော်လည်း ယခုအချိန်တွင် ဗမာဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၃၇၀၀၀ နှင့် ရှမ်းဂျုံမှာ ကျပ် ၁၃၀၀၀၀ အထိ ဈေးနှုန်းများ ကောင်းမွန်ကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဂျုံက ကမ္ဘာမှာ စားသုံးမှုအများဆုံး သီးနှံဖြစ်တယ်။ မြန်မာနိုင်ငံမှာတော့ ဆန်စပါးပြီးရင် ဂျုံသီးနှံဟာ ဒုတိယအများဆုံးစားသုံးတဲ့ သီးနှံဖြစ်ပါတယ်။ အခု ၂၀၂၂ ခုနှစ်မှာ ဂျုံဈေးတွေမြင့်မားနေတော့ တောင်ပေါ်၊ မြေပြန့် ဂျုံစိုက်တောင်သူတွေအတွက် အမြတ်အစွန်းရပြီး အကျိုးရှိတဲ့နှစ် ဖြစ်ပါတယ်။ အရင်က ဂျုံမှုန့်ကို ပြည်ပကနေ မှာယူတင်သွင်းတာတွေရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ပြည်ပကနေ ဝယ်ယူတင်သွင်းတယ်လို့ ကြားသိရတာမရှိပါဘူး။ ဒါကြောင့် နိုင်ငံခြားငွေ ယိုဖိတ်မှုကို တားဆီးနိုင်အောင်လို့ ဒုတိယအများဆုံးစားသုံးတဲ့ ဂျုံစိုက်ဧကတွေကို တိုးချဲ့ပြီးစိုက်ပျိုးသင့်ပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ဂျုံသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အဓိက စိုက်ပျိုးကြပြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ဂျုံသီးနှံသည် နေရာဒေသမရွေး တောင်ပေါ်မြေပြန့်တို့၌ စိုက်ပျိုး၍ရနိုင်ကြောင်း၊ ရာသီဥတုနှင့် မြေအမျိုးအစား အပေါ်မူတည်ပြီး စိုက်ပျိုးကြကြောင်း သိရသည်။



မန္တလေးမြို့ ပွဲရုံတစ်ခုမှ ဂျုံအိတ်များ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကြက်သွန်နီဈေးနှုန်းပြန်ကျပြီး ကျပ် ၁၂၀၀ ဈေးဖြင့် ဈေးငြိမ်နေ

**ညောင်ဦး ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း တောင်သူများစိုက်ပျိုးသည့် လှော်ကြက်သွန်နီများမှာ ယခုလဆန်းမှစ၍ ဈေးကျလာခဲ့ကာ လက်ရှိတွင် ကျပ် ၁၂၀၀ ဈေးနှုန်း၌ အတက်အကျမရှိတော့ဘဲ ဈေးငြိမ်လျက်ရှိကြောင်း ကြက်သွန်နီ စိုက်ပျိုးသည့် တောင်သူအချို့က ပြောသည်။



ဆောင်းကြက်သွန်နီဈေးနှုန်းမှာ မေနှင့် ဇွန်လတို့တွင် တစ်ပိဿာ ကျပ် ၁၅၀၀ မှ ၁၆၀၀ အထိ ဈေးနှုန်းတက်ခဲ့ပြီး ဇူလိုင်ပထမပတ်မှစ၍ ကျပ် ၁၂၀၀ အထိ ဈေးကျခဲ့ခြင်း ဖြစ်သည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီခေါ် လှော်ကြက်သွန်နီ အများအပြားစိုက်ပျိုးကြပြီး ကြက်မောက်တောင် ချောင်းတစ်လျှောက်၊ ကြက်မောက်တောင် ဆည်ပတ်ဝန်းကျင်ကျေးရွာများ အပါအဝင် အခြားကျေးရွာများတွင်လည်း စိုက်ပျိုးခြင်း ဖြစ်သည်။

ဆောင်းကြက်သွန်နီကို ပျိုးထောင်ချိန်မှစ၍ ပျိုးသက် ၄၅ ရက်ရှိလျှင် စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ချိန်အထိ ထယ်ရေးညက်အောင် ထွန်ယက်ရခြင်း၊ မြေဆီမြေသြဇာနှပ်ထားရခြင်း၊ ရေလောင်း၊ ရေဖျန်းရန် ကြိုတင်တွင်းတူးတွင်းဖော်ရခြင်း၊ စိုက်ပျိုးပြီးလျှင် ပျိုးနုတ်ရန် အလုပ်သမားငှားရမ်းရခြင်း စသည်တို့ကြောင့် ကြက်သွန်စိုက်ပျိုးခြင်းသည် ငွေကုန်ကြေးကျများသည့် လုပ်ငန်းဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်း စိုက်နေကျဖြစ်၍ တောင်သူများက ပုံမှန်စိုက်နေကြခြင်း ဖြစ်သည်။

ဆောင်းကြက်သွန်နီများမှာ ပြီးခဲ့သော သုံးနှစ်ဆက်တိုက် ဈေးနှုန်းအရ အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင် တောင်သူများအနေဖြင့် ဈေးကောင်းရရန် မျှော်လင့်ခဲ့ကြရာ ယခုကဲ့သို့ ကြက်သွန်နီဈေးနှုန်း အတက်အကျမရှိဘဲ ကျပ် ၁၂၀၀ ဈေးတွင် ငြိမ်နေခြင်းက ကြက်သွန်စိုက်ပျိုးတောင်သူများ အနေဖြင့် ထုတ်ရောင်းရန်နှင့် ဆက်လှောင်ထားရန် ဝေခွဲမရဖြစ်နေကြောင်း ကြက်သွန်နီစိုက်တောင်သူအချို့က ပြောသည်။

**မောင်မောင်ထိန်**

# မြန်မာကြက်များကို အစာစိမ်းကျွေး၍ မွေးမြူခြင်း

**မြန်မာကြက်/ဒေသကြက်မျိုးများကို မွေးမြူသူများအနေဖြင့် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်မွေးခြံများတွင် အစာစရိတ် လျှော့ချနိုင်ခြင်းဖြင့် အမြတ်ပိုမိုရရှိနိုင်စေပါသည်။ ပြည်ပမှတင်သွင်းသော အသင့်သုံးအစာများကို ဝယ်ကျွေးပြီး မွေးမြူသောစနစ်မှာ ရေရှည်တွင် ကုန်ကျစရိတ်များပြားပြီး အဆင်မပြေလှပါ။ စိုက်မွေးလုပ်ငန်းများမှာ အခက်အခဲများကြားမှ စွန့်စားလုပ်ကိုင်နေရသည့် အလုပ်ဖြစ်ရာ ခိုင်မာတိကျသောစနစ်များကို လေ့လာလုပ်ဆောင်ကြရန် အထူးအရေးကြီးပြီး သုံးစွဲသောစနစ်တစ်ခုသည် ကုန်ကျစရိတ်နည်းသော်လည်း အမြတ်ရရှိမှုပိုများမှ အောင်မြင်သောစနစ်တစ်ခုဟု သတ်မှတ်နိုင်ပါသည်။**

**ထို့ကြောင့် ဒေသကြက်၊ ဘဲ မွေးမြူသူများအနေဖြင့် အစာအစိမ်း ကျွေးမွေးသောစနစ်ကို ထည့်သွင်းလုပ်ဆောင်သင့်ပါကြောင်း အောက်ပါအချက်များဖြင့် တိုက်တွန်းအပ်ပါသည်။**

(၁) အစာစိမ်းသည် ကြက်များကို ခံတွင်းကောင်းစေပြီး ဥနှုန်းတိုးတက်စေပါမည်။ ရောဂါဒဏ်/အပူဒဏ်ကို ခံနိုင်စေပါမည်။

(၂) ရေသန့်သန့်ဖြင့် စင်ကြယ်အောင်ဆေးပြီး ခုတ်စဉ်းကျွေးပါ။ လူစားသည့် အစာစိမ်းမှန်သမျှ ကျွေးလို့ရပါသည်။

(၃) သန်ချဆေးမှန်မှန်တိုက်ကျွေးပါ။

(၄) စတင်ကျွေးစဉ်တွင် များများကျွေးပါက ဝမ်းပျော့တတ်ပါသည်။ နည်းနည်းစီ တိုး၍ကျွေးပါ။

(၅) အစာတစ်မျိုးနှင့်တစ်မျိုး ပြောင်းလဲကျွေးလျှင်လည်း နည်းနည်းစီ တိုးပြီးကျွေးပါ။

(၆) တစ်ပတ်ခန့်ကျွေးပြီးလျှင် ဝမ်းပျော့မှု အစာမကြေမှုကို ကာကွယ်နိုင်ပါသည်။

(၇) သန့်ပြန့်အောင်လုပ်ထားပါလျက်နှင့် ဝမ်းပျော့ခြင်း ဖြစ်နေသေးလျှင် ကိုယ်ခံအားနည်းပါးမှုကြောင့်ဖြစ်သဖြင့် အာဟာရလုံလောက်အောင်ကျွေးပြီး ခုခံအားကောင်းလာစေရန် ဆေးတိုက်ကျွေးရပါမည်။ အစာစိမ်းအတွင်းတွင် ကြက်၏ကြီးထွားမှုအတွက် ဗီတာမင်ဓာတ်များ ပါရှိရမည်။ အရည်ရွှမ်းသော အစာစိမ်းသည် ခန္ဓာကိုယ်ကျန်းမာရေး အစာအိမ်လမ်းကြောင်း ပုံမှန်လုပ်ဆောင်ရေးတွင် အထောက်အကူဖြစ်စေပါလိမ့်မည်။

(၈) အစာစိမ်းတွင် ရေ ၈၀-၉၀ ရာခိုင်နှုန်းအထိ ပါဝင်နေပေရာ အစာအိမ်ပြည့်ဝစေရေး အထောက်အကူဖြစ်ပါသည်။ အားဆေး/ခံတွင်းကောင်းစေသောဆေးသဖွယ် ဖြစ်ပါမည်။

(၁၀) အစာစိမ်းကို ကျွေးမွေးခြင်းအားဖြင့် တစ်ကောင်နှင့်တစ်ကောင် ဆိတ်ခြင်း၊ အသားစားခြင်း၊ အမွေးဆိတ်ခြင်း အကျင့်ဆိုးများ ပျောက်ကင်းစေနိုင်ပါမည်။

(၁၁) အခြားနိုင်ငံများမှ စမ်းသပ်ချက်များအရ ကွင်းပြင်များတွင် လွှတ်ကျောင်းမွေးရာ မြက်ပေါသော နွေဦးကာလတွင် ဥနှုန်းကောင်းမွန်ပြီး မြက်ခြောက်ချိန် နွေကာလတွင် ဥနှုန်းကျဆင်းကြောင်း သိရှိရပါသည်။

(၁၂) အစာကြေလွယ်သော အစာစိမ်းများတွင် ဗီတာမင်အေကို ဖြစ်ပေါ်စေမည့် ကယ်ရိုတင်းများ၊ ဗီတာမင် အီး၊ ဘီ၊ စီတို့ကို ဖြစ်ပေါ်စေမည့် ဓာတ်များပါဝင်ပါသည်။

(၁၃) အစာစိမ်းကို စနစ်တကျလုံလောက်အောင် ကျွေးမည်ဆိုလျှင် ဗီတာမင်ဖြည့်စွက်ဆေးများ ထပ်ဆောင်းရန်ပင် မလိုပါ။

(၁၄) စားသုံးနိုင်သည့် အစာစိမ်းများမှာ မြက်နုများ၊ ဂေါ်ဖီရွက်၊ ပဲပင်/ပဲနွယ်များ၊ ကန်စွန်းရွက်၊ ရေမှော်များလည်း ပါဝင်သည်။

(၁၅) အစာစိမ်းကို (နှစ်လ-သုံးလ)သားအရွယ်မှ စတင်ကျွေးနိုင်ပြီး ရေသန့်သန့်နှင့် စင်အောင်ဆေးပြီး ဗန်းထဲထည့်ကျွေးခြင်း၊ အစာခွက်ထဲထည့်ကျွေးခြင်း၊ ကြမ်းခင်းပေါ်ကြဲပက်ကျွေးခြင်း၊ ခြင်းကြားတွင်ထည့်သွင်းကျွေးခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

(၁၆) နှစ်လသားမှ လေးလသားအထိ တစ်နေ့လျှင် အစာစိမ်း တစ်ကျပ်သားဝန်းကျင်။ (ငါး-ခြောက်) လသားအရွယ်တွင် ၁ ဒသမ ၅ ကျပ်သား။ ခုနစ်လသားအထက် ၂ ဒသမ ၅ ကျပ်သားအထိ ကျွေးမွေးနိုင်သည်။

(၁၇) အစာစိမ်းများသည် မြက်များကဲ့သို့ပင် ကစီဓာတ်၊ ပရိုတင်းဓာတ်များ ရရှိ၍ အနုအရင့်ပေါ် မူတည်ပြီး အမျှင်ဓာတ် အနည်းအများ ကွာခြားပါသည်။ အစာနုများသည် အစာပိုကြေလွယ်ပြီး အာဟာရတန်ဖိုးမြင့်မားသည်။

(၁၈) ကန်စွန်းရွက်တွင် အာဟာရဓာတ်များအပြင် သတ္တုဓာတ်များလည်း ပါရှိသည်။ အလားတူ ရေမှော်များတွင်လည်း ပါရှိသည်။

(၁၉) သောက်ရေအတွင်း အီးအမ်နှင့် ငါးအမိုင်နိုအက်စစ်တို့ကို ဖျော်စပ်တိုက်ကျွေးခြင်းအားဖြင့် ရောဂါဒဏ်ခံနိုင်ရည်ရှိစေပြီး အသားတိုးနှုန်း/ဥနှုန်း ကောင်းမွန်စေပါမည်။

သို့ဖြစ်ပါ၍ မိမိအနားတွင် အလွယ်တကူရရှိသော အစာစိမ်းများကို ကျွေးမွေးခြင်းဖြင့် အမြတ်ပိုမိုရရှိစေနိုင်မည့် စနစ်တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နန်းထက်ထက်ချစ်**

# ပိုင်ကျုံမြို့ရှိ ဝဥစိုက်တောင်သူများ ယခင်နှစ်ထက် ဈေးကောင်းရရန်မျှော်လင့်

**ပိုင်ကျုံ ဇူလိုင် ၁၆**

ကရင်ပြည်နယ် ပိုင်ကျုံမြို့၌ ဝဥစိုက်ပျိုးခြင်းကို တစ်ပိုင်တစ်နိုင်သာမက ဈေးကွက်စီးပွားရေးအဖြစ်သို့ အသွင်ကူးပြောင်းစိုက်ပျိုးလျက်ရှိသလို ဝဥစိုက်တောင်သူများအနေဖြင့်လည်း ယခင်နှစ်များထက် ဈေးကောင်းရရှိရန် မျှော်လင့်နေကြောင်း သိရသည်။

ဝဥပင်များသည် ယခင်က မြို့နယ်အတွင်း သဘာဝအလျောက်ပေါက်သည့် အပင်မျိုးဖြစ်ပြီး ယခုအခါ သဘာဝ ဝဥပင်များ ရှားပါးလာသည့်အတွက် အိမ်ခြံမြေများ၊ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ်လည်းကောင်း၊ သီးသန့်စိုက်ပျိုးမြေများ၌သော်လည်းကောင်း ဝဥများ စိုက်ပျိုးလာခြင်း ဖြစ်သည်။ ဝဥသည် စိုက်ပျိုးချိန်ကာလ တစ်နှစ်မှ သုံးနှစ်အထိရှိပြီး နှစ်ကာလကြာရှည်လေ အထွက်နှုန်းကောင်းမွန်လေဖြစ်ကာ မြေဆီမြေသြဇာကောင်းမွန်သည့် မည်သည့်နေရာ ဒေသတွင်မဆို စိုက်ပျိုးနိုင်ကြောင်း၊ တစ်ကေလျှင် အပင်ရေ နှစ်သောင်းအထိ စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်က ဝဥ တစ်ပိဿာ ကျပ် ၁၀၀၀ ဈေးရရှိခဲ့ပြီး ယခုနှစ်တွင် ကျပ် ၁၅၀၀ အထိ ရရှိနိုင်ရန် မျှော်လင့်ထားကြောင်း၊ ပိုင်ကျုံမြို့ဒေသထွက် ဝဥများကို အခြောက်ပြုလုပ်ကာ ဘားအံ၊ မော်လမြိုင်၊ မူဆယ်၊ ရွှေလီမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**နော်ခူး(ပြန်/ဆက်)**

# မိတ္ထီလာခရိုင်တွင် မိုးနေကြာစိုက်ဧက ၅၈၀ ကျော်အနက် မျိုးစေ့ထုတ် ဧက ၁၈၀ ကျော် စိုက်ပျိုးထား

**မိတ္ထီလာ ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း နေကြာစိုက်ပျိုးမည့်တောင်သူများအား မျိုးကောင်းမျိုးသန့်များ ပြန်လည်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ယခုနှစ် မိုးနေကြာ စိုက်ဧက ၅၈၀ ကျော်ရှိသည့်အနက် မျိုးစေ့ထုတ်စိုက်ဧက ၁၈၀ ကျော်ကို စိုက်ပျိုးထားကြောင်း မိတ္ထီလာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာသီးနှံသည် စိုက်ပျိုးထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ စိုက်ပျိုးပြီးပါက ပျက်စီးမှုနည်းပါးခြင်း၊ အထွက်နှုန်းနှင့် တစ်ဧကဆီထွက်နှုန်းကောင်းမွန်ခြင်းတို့အပြင် သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ဒေသခံတောင်သူများက နှစ်စဉ် နေကြာသီးနှံကို မိုးဦးနှင့် မိုးနှောင်းရာသီတို့တွင် စိုက်ပျိုးလျက်ရှိသည်။

ယခုနှစ်တွင်လည်း မိုးနေကြာကို မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မြို့နယ်များဖြစ်သော မိတ္ထီလာမြို့နယ်တွင် ၂၆၇ ဧက၊ မလှိုင်မြို့နယ်တွင် ၁၀ ဧက၊ သာစည်မြို့နယ်တွင် ၂၆၇ ဧကနှင့် ဝမ်းတွင်းမြို့နယ်တွင် ၄၃ ဧက စိုက်ပျိုးထားရှိသည်။ အဆိုပါစိုက်ဧကများအနက် မိတ္ထီလာခရိုင်အတွင်း နေကြာ မျိုးကောင်းမျိုးသန့်စိုက်ဧကများ တိုးတက်ရေးအတွက် နေကြာမျိုးစေ့ထုတ်စိုက်ဧကအဖြစ် ၁၈၁ ဧက စိုက်ပျိုးထားပြီး ထွက်ရှိလာသည့်မျိုးများကို ဒေသတွင်း နေကြာစိုက်ပျိုးမည့် တောင်သူများအား ပြန်လည်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နှစ်ရှည်ထောပတ်ပင်အောက်များ၌ ဝဥစိုက်ပျိုးမှုဖြစ်ထွန်းအောင်မြင်

**နောင်တရား ဇူလိုင် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်ပီကျေးရွာအုပ်စု ထီရီးကရင်ရွာ၌ နှစ်ရှည်ထောပတ်ပင်အောက်များ၌ ဝဥများ စမ်းသပ်စိုက်ပျိုးထားပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း ထောပတ်ဥယျာဉ်ခြံစိုက်တောင်သူတစ်ဦးက ပြောသည်။

“ထောပတ်နှစ်ရှည်ပင်စိုက်တာ အပင်သေးချိန်တော့ ကြားညှပ်သီးနှံ စိုက်လို့ရတယ်။ ထောပတ်ပင်ကြီးရင် စိုက်လို့မရတော့ဘူး။ ထောပတ်တစ်မျိုးတည်းဆို ဝင်ငွေတစ်မျိုးပဲရတယ်။ မြေနေရာက ကျဉ်းလာတော့ သီးနှံနှစ်မျိုးစိုက်မှ ဝင်ငွေနှစ်မျိုးရမယ်။ ဝဥကို စမ်းစိုက်ကြည့်တယ်။ အခုလိုအပင်သန်ပြီး အောင်မြင်တော့ ဝမ်းသာရပါတယ်” ဟု ထောပတ်ဥယျာဉ်ခြံစိုက် တောင်သူတစ်ဦးက ပြောသည်။

ထောပတ်သီးများကို ရန်ကုန်၊ မြဝတီ၊ မန္တလေး၊ အောင်ပန်းကုန်စည်ဒိုင်နှင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ဝဥများကို အခြောက်ခံပြီး ပိဿာချိန်များဖြင့် ရောင်းချရာ တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၁၁၀၀၀အထိ ရရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်အား ဦးဆောင်သူ တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် ၃ ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ အစိုးရစာသင်ကျောင်းများ၌ ကျောင်းတက်ရောက်ခြင်း မပြုလုပ်စေရန်နှင့် အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG မှ အဖွဲ့ဝင်တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြစ်သားမြို့နယ်တွင် ဆူပူဆန္ဒပြမှုများ၌ ဦးဆောင်ပါဝင်ခဲ့သဖြင့် မြစ်သားမြို့မရဲစခန်းက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားသည့် တရားခံပြေး ကောင်းသိုက်စိုး (CDM ၊ လက်ထောက်မြို့နယ်ပညာရေးမှူး)၊ ၃၂ နှစ်၊ (ဘ) ဦးရန်အောင်၊ မြစ်သားမြို့နယ် ကူမဲမြို့နေသူဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်တွင် ကောင်းသိုက်စိုး အပါအဝင် ဝင်းမိုလ်(ခ)ဘိုဘို(CDM ၊ မူလတန်းပြ)၊ ၂၈ နှစ်၊ (ဘ) ဦးထွန်းရွှေ၊ ကျောက်ဆည်မြို့နယ် ကျားကာရွာနေသူနှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ)၊ ၂၈ နှစ်၊ (ဘ) ဦးမောင်အေး၊ မြစ်သားမြို့နယ် မြင်းရွာကြီးကျေးရွာနေသူတို့ သုံးဦးအား ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်းတွင် အမျိုးသမီးများနှင့်အတူ သောက်စား ပျော်ပါးနေချိန်၌ ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်၌ အကြမ်းဖက်အုပ်စုဖြစ်သည့် NUG က ကျောင်းအုပ်ကြီးအဖြစ် သတ်မှတ်ထားသူ ကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ NUG ၏စေခိုင်းမှုဖြင့် Kaung For You Federal Private School Team အား ၂၀၂၂ ခုနှစ် ဧပြီ(ပထမပတ်)တွင် Online မှတစ်ဆင့် အဖွဲ့ဝင် ၁၂ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် စတင်သင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ ထိုသို့သင်ကြားပို့ချနိုင်ရန်အတွက် CDM ပြုလုပ်ထားသူ ဆရာ ဆရာမ ၄၀၀ ခန့်အား ခန့်အပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကိုလည်း ဇွန်လ ၁ ရက်မှစတင်၍ Online မှတစ်ဆင့် တရားမဝင် ကျောင်းအပ်လက်ခံခဲ့ပြီး Online အခြေပြု စာသင်ကြားမှု အတွက် Zoom Application၊ Facebook ၊ Telegram ၊ Signal ၊ Gmail ၊ Messenger တို့တွင် Group များဖွဲ့၍ ဆက်သွယ်အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထိုသို့ Online မှတစ်ဆင့် စာသင်ကြားမည့် CDM ကျောင်းဆရာ ဆရာမများအတွက် လစာငွေအား ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူများ၏ မိဘများထံမှ တစ်လလျှင် တစ်ဦးအနည်းဆုံး ကျပ် ၁၀၀၀၀ နှုန်း ကောက်ခံခဲ့ပြီး ကောက်ခံရရှိသည့်ငွေများအား တရားခံ ကောင်းသိုက်စိုးအပါအဝင် အဖွဲ့ဝင် သုံးဦးသည် တောင်ကြီးမြို့နှင့် ကလောမြို့များတွင် လောင်းကစားပြုလုပ်ခြင်း၊ ပြည့်တန်ဆာအမျိုးသမီးများနှင့် ပျော်ပါးခြင်း၊ သောက်စားခြင်းများပြုလုပ်သည့်အပြင် ငွေကြေးလိုအပ်လာသောအခါ Kaung for You တွင် စာသင်ကြားနေသော CDM ပြုလုပ်ထားသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ မိဘများထံမှ Online မှတစ်ဆင့် အမည်အမျိုးမျိုး၊ အကောင့်အမျိုးမျိုး အသုံးပြု၍ ခြိမ်းခြောက် ငွေကြေးတောင်းခံမှုများပြုလုပ်ခဲ့ပြီး ရရှိလာသောငွေများအား ၎င်းတို့၏ အပျော်အပါးကိစ္စများနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များတွင် သုံးစွဲခြင်းများဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ် အခြေခံ၍ Kaung For You Federal Private School တရားမဝင် စာသင်ကြားမှု အစီအစဉ်တွင်ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကိုလည်း ဆက်လက်ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မိဘပြည်သူများ အနေဖြင့် မိမိတို့၏ သား သမီးများအား တရားမဝင်ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် ကျောင်းအပ်နှံခြင်းမပြုရန်၊ နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံ တက်ရောက်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် တရားမဝင်စာသင်ကြားမှုပြုလုပ်နေသည့် Kaung For You Federal Private School အပါအဝင် အခြားတရားမဝင် စာသင်ကျောင်းများနှင့် ပတ်သက်သည့်သတင်းရရှိပါက သက်ဆိုင်ရာသို့လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

တရားခံ ကောင်းသိုက်စိုး အပါအဝင် ၃ ဦး ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



ကောင်းသိုက်စိုး (CDM လက်ထောက်မြို့နယ်ပညာရေးမှူး)၊ မြစ်သားမြို့နယ်



သန့်စင်ထိုက် (CDM မူလတန်းပြ)၊ အမက(မြင်းရွာကြီး)၊ မြစ်သားမြို့နယ်



ဝင်းမိုလ်(CDM မူလတန်းပြ)၊ အမက(ကျားကာ)၊ ကျောက်ဆည်မြို့နယ်

ပြည့်တန်ဆာအခန်းတွင် ကောင်းသိုက်စိုး အပါအဝင် တရားခံ ၃ ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



တရားခံ ကောင်းသိုက်စိုး အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ



တရားခံ သန့်စင်ထိုက် အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ



တရားခံ ဝင်းမိုလ် အား ပြည့်တန်ဆာအခန်းတွင် ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ

# မြင်းမူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာ - မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကို လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မုံရွာ-မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ဝေဖြိုးအောင်(သေဆုံး)



မကြည်ဖြူဝင်း(သေဆုံး)



ဦးမျိုးညွန့်(ဒဏ်ရာရ)



အောင်ဇော်မင်း(ဒဏ်ရာရ)

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက်တွင် ပုလဲမြို့နယ် လက်တောင်းကြီး ကျေးရွာနေသူများဖြစ်သည့် ဦးမျိုးညွန့်အပါအဝင် အမျိုးသားသုံးဦး၊ အမျိုးသမီး တစ်ဦးတို့သည် အဆိုပါ ကျေးရွာနေ ဦးကျော်မိုး ၄၅ နှစ် မောင်းနှင်သည့် SGG 2J/6740 Navaras အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ဖြင့် မုံရွာ-မန္တလေးကားလမ်းအတိုင်း မန္တလေးမြို့သို့ ထွက်ခွာလာခဲ့ရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းမူမြို့နယ် ဝွေးပင်တောကျေးရွာအနီး မုံရွာ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် ၅၇ မိုင် ၇ ဖာလုံနှင့် ၅၈ မိုင်အကြား အရောက် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ က လမ်း၏ယာဘက်မှ ထောင်ထားသည့် လက်လုပ်မိုင်း ၃ လုံးဖြင့် ဖောက်ခွဲကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့မှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦးမှာ မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် မြင်းမူမြို့ပြည်သူ့ဆေးရုံသို့ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိ သေဆုံးစေသည်အထိ လမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်အား လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်း ဖောက်ခွဲပစ်ခတ်တိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၆

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ ချစ်မင်းပိုင်(ခ) ကောင်းဆက်ပိုင်(ခ) ဘယ်လေးသည် ၎င်းအသုံးပြုသည့် “Kaung Sat Paing” Facebook အကောင့်၊ ပြည်မြို့ ပြည်သာယာရပ်ကွက်နေ ချမ်းမြေ့ကောင်းမြတ် (ခ) သပြေစိုးသည် ၎င်းအသုံးပြုသည့် “သပြေစိုး” Facebook အကောင့်၊ ဝေါမြို့ အရှေ့ဘက်ကမ်းရပ်ကွက်နေ တင်မျိုးဆွေ(ခ) ကိုမျိုးသည် ၎င်းအသုံးပြုသည့် “Ko Myo” Facebook အကောင့်၊ မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၄)ရပ်ကွက်နေ နီနီလွင် (ခ) အဘုတ်သည် ၎င်းအသုံးပြုသည့် “Ni Ni Lwin” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်နေ ဇော်လင်းထွန်း သည် ၎င်းအသုံးပြုသည့် “Zaw Linn Htun” Facebook အကောင့်၊ ဟိုပန်မြို့ ဈေးရပ်ကွက်နေသူများဖြစ်သည့် စိုင်းနေလင်းထွန်းနှင့် နန်းမွေဖောင်းတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Sai Nay Linn Htun” Facebook အကောင့်နှင့် “Nann Mway Phong” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

◆*ကျောဖုံးမှ*

၁၃၄ လမ်းကြား၊ ၇၈ လမ်း၊ ရန်ကုန်-မန္တလေး ကားလမ်းမကြီး လမ်းဟောင်းအရှေ့ဘက်၌ ဖွင့်လှစ်ထားသည့် KBZ ဘဏ်ခွဲအမှတ်(၄၂)စက်မှုပန်းခြံဘဏ်ခွဲသို့ အမျိုးသားနှစ်ဦး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဘဏ်အတွင်းဝင်ရောက်ကာ သေနတ်ပြခြိမ်းခြောက်၍ ဘဏ်ကောင်တာအတွင်းထားရှိသည့် ငွေကျပ်သိန်း ၁၃၅၀ ခန့်ကို လုယက်ယူဆောင်ကာ ဘဏ်၌အသုံးပြုသည့် ကွန်ပျူတာမော်နီတာ တစ်လုံးကို ဖိုက်ဘာအရိုး နှစ်ပေခန့်တပ်ဆင်ထားသည့် ပုဆိန်ဖြင့် ရိုက်ခွဲဖျက်ဆီးကာ လုံးပတ် ၄ လက်မ၊ အရှည် ၁ ပေ ခန့်ရှိ PVCပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးကို မှန်ကောင်တာပေါ်တင်၍ ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ်နှစ်စီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သည့် အမျိုးသားနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတကာအားကစား

## ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို မန်ယူအသင်း ခေါ်ယူ

**မာလာစီယာပြီးနောက် နည်းပြသစ် တန်ဟတ်၏ ဒုတိယမြောက် ခေါ်ယူမှုဖြစ်လာ**




မန်ယူအသင်းသည် ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အိုင်းယက်စ်၊ စပါး၊ အင်တာမီလန်နှင့် ဘရန့်ဖို့ဒ်အသင်း ကစားသမားဟောင်း အဲရစ်ဆင်သည် မန်ယူအသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဘရန့်ဖို့ဒ်အသင်းနှင့် ကာလတိုစာချုပ်ချုပ်ဆိုထားမှု ဇွန်လတွင် အဆုံးသတ်ခဲ့ပြီးနောက် ယခုလ အစောပိုင်းတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ အဲရစ်ဆင်သည် အိုးထရက်ဖို့ဒ်သို့ ဖီယင်နူအသင်းမှ နယ်သာလန် ဇဟိုခံစစ်ကစားသမား မာလာစီယာ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် နည်းပြသစ်တန်ဟတ်၏ ဒုတိယမြောက်ခေါ်ယူမှုဖြစ်လာခဲ့သည်။ အဲရစ်ဆင်သည် ICD ဟု အမည်ရသည့် နှလုံးခုန်ထိန်းစက် တပ်ဆင်ထားသည့်အတွက် အီတလီစီးရီးအေတွင် ထိုကဲ့သို့တပ်ဆင်ထားသော ကစားသမားများကို ဘောလုံးကစားခွင့် ပိတ်ပင်ထားသောကြောင့် အင်တာမီလန်အသင်းက ထွက်ခွာခွင့်ပြုခဲ့ကာ ဘရန့်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။

## လိဒ်စ်အသင်းမှ တိုက်စစ်ကစားသမား ရာဖင်ဟာကို ဘာစီလိုနာအသင်း စာချုပ်ခေါ်ယူ

လာလီဂါနာမည်ကြီး ဘာစီလိုနာအသင်းသည် လိဒ်စ်အသင်းမှ ဘရာဇီး တိုက်စစ်ကစားသမား ရာဖင်ဟာကို ပေါင် ၅၅ သန်းဖြင့် စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းသည် အသက် ၂၅ နှစ်အရွယ် ဘရာဇီးတိုက်စစ်ကစားသမားကို သောကြာနေ့က အသင်းလေ့ကျင့်ရေးကွင်း၌ ပရိသတ်များနှင့် မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။ ရာဖင်ဟာသည်



၂၀၂၀ ပြည့်နှစ်တွင် ပြင်သစ်ကလပ် ရင်းနက်စ်အသင်းမှ လိဒ်စ်အသင်းသို့ ပေါင် ၁၇ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၆၇ ပွဲ ပါဝင်ကစားထားကာ ၁၇ ဂိုး သွင်းယူပေးထားနိုင်သည်။ ထို့အပြင် ဂိုးဖန်တီးမှုလည်း ၁၂ ကြိမ် ပြုလုပ်ထားနိုင်သည်။

ဘာစီလိုနာအသင်းသည် အဆိုပါ တိုက်စစ်ကစားသမားကို ကနဦးပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အပိုဆုကြေးများပါ ထည့်ပေါင်းပါက ပေါင် ၅၅ သန်းအထိ ရှိလာနိုင်ကြောင်း သိရသည်။ ရာဖင်ဟာသည် ယခုနှစ်နွေရာသီတွင် လိဒ်စ်အသင်းမှ ပြောင်းရွှေ့သည့် ဒုတိယမြောက် အဓိက ကစားသမားဖြစ်လာခဲ့ပြီး ရာဖင်ဟာအသင်းမှ မထွက်ခွာမီ မန်စီးတီးအသင်းသို့ ဖီးလ်လစ် ပေါင် ၄၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည်။ ဘာစီလိုနာအသင်းသည် မကြာသေးမီက ပြင်သစ်တိုက်စစ် ကစားသမား ဒမ်ဘီလီကို စာချုပ်သစ်ချုပ်ဆိုထားသည်။ ဘာစီလိုနာအသင်းသည် ဩဂုတ် ၁၄ ရက်တွင် လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ဗယ်လက်ကာနိုအသင်းနှင့် ယှဉ်ပြိုင်စားရမည် ဖြစ်သည်။

## အီတီဟက်၌ မာရက်ဇ် စာချုပ်သစ်ချုပ်ဆို

တောင်ပံကစားသမား ရီယက် မာရက်ဇ်သည် ပရီမီယာလိဂ် ချန်ပီယံ မန်စီးတီးအသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် မာရက်ဇ်ကို ၂၀၂၅ ခုနှစ်အထိ အီတီဟက်၌ ထိန်းထားနိုင်တော့မည် ဖြစ်သည်။

မာရက်ဇ်သည် လေးရာသီအတွင်း မန်စီးတီးအသင်းအတွက် ပရီမီယာလိဂ်ဂိုး ၃၈ ဂိုး သွင်းယူပေးထားသည်။ မာရက်ဇ်၏ ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်သော်လည်း မန်စီးတီးအသင်းက ထိုကဲ့သို့ စာချုပ်သစ်ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် လက်စတာအသင်းမှ မန်စီးတီးအသင်းသို့ ပေါင်သန်း ၆၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၈၉ ပွဲ ပါဝင်ကစားထားပြီး ၆၃ ဂိုး သွင်းယူပေးထားသည်။

၎င်းသည် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား သုံးကြိမ် အပါအဝင် အက်ဖ်အေဖလား၊ လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။

**အောင်ဇော် - စုစည်းသည်**

# မြန်မာ့ဆင်ရတနာ ထိန်းသိမ်းကာကွယ်ပါ

ဒေါက်တာ ဇော်မင်းဦး

**တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှု၊ ဆင်စွယ်အပါအဝင် ယင်းတို့၏ အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို ဖော်ထုတ်အရေးယူလျက်ရှိသော်လည်း ပျက်သုဉ်းပျောက်ကွယ်မှု မရှိသေးပေ။ ထို့ကြောင့် မြန်မာ့သစ်လုပ်ငန်းသည် တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုများပြားသည့် ဒေသကြီးများတွင် တောဆင်ရိုင်း ကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်းများဖွင့်လှစ်ပြီး တောဆင်ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းကာ တောဆင်များ ကာကွယ်ခြင်း၊ မုဆိုးများ ဖော်ထုတ်အရေးယူခြင်း၊ လူထုအခြေပြုစောင့်ကြည့်ခြင်းနှင့် ဆင်မုဆိုးသတင်းပေးခြင်းများကို ဆုချီးမြှင့်ခြင်းတို့ဖြင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်လျက်ရှိသည်။**



တစ်ဖက်မှလည်း ဆင်ထိန်းသိမ်းရေး အခြေပြုခရီးသွားလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခြင်းဖြင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းကို အားမြှင့်ဆောင်ရွက်နိုင်ရန် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည်။ ဆင်များ ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သဘာဝအခြေခံသည့် ခရီးသွားလုပ်ငန်း (Ecotourism)များတွင် ဆင်များကို ထည့်သွင်းအသုံးပြုလာခြင်းဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သည်။

**ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ခရီးသွားလုပ်ငန်း**

မြန်မာ့သစ်လုပ်ငန်းတွင် အစိုးရပိုင်အိမ်မွေးဆင် ၃၂၀၀ ကျော် ထိန်းသိမ်းစောင့်ရှောက်ထားပြီး နှစ်ပေါင်း ၇၀ ကျော် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အတွေ့အကြုံရှိသည့် အားသာချက်များကို အသုံးပြုလျက် ၂၀၁၆ ခုနှစ် သစ်ထုတ်လုပ်မှု လျှော့ချခဲ့သည့်နောက်ပိုင်းမှ စတင်၍ Elephant Conservation Based Tourism ကို စတင်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ခရီးသွားလုပ်ငန်း စခန်းပေါင်း ၂၂ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။

တစ်နည်းအားဖြင့် လူထုဖွံ့ဖြိုးရေး အခြေပြုသည့် ခရီးသွားလုပ်ငန်း (Community Based Tourism)နှင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းသည့် ခရီးသွားလုပ်ငန်း (Heritage Preservation Tourism) များတွင် ဆင်များကို ထည့်သွင်း၍ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးကို ဦးတည်သည့် ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ပြည်သူ့ထံ မြန်မာ့ဆင်များ ထိန်းသိမ်းရမည့် အသိပညာကို တစ်နည်းတစ်ဖုံ ဖြန့်ဝေခြင်းဖြစ်သည်။

ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး ခရီးသွားလုပ်ငန်းသည်မြန်မာ့ဆင်များ ထိန်းသိမ်းကာကွယ်မှုသာမက နိုင်ငံဝင်ငွေရရှိရေး၊ အစိမ်းရောင် စီးပွားရေးတိုးတက်မှုရရှိရေးနှင့် နိုင်ငံတော်အစိုးရ၏ Non Smoking Industries ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (Green Economy Development) များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အားဖြည့်ကူညီသွားနိုင်ရန်လည်း ရည်ရွယ်သည်။

**မြန်မာ့ဆင်ထိန်းသိမ်းမှုစနစ်နှင့် မြန်မာ့သစ်လုပ်ငန်း**

မြန်မာ့သစ်လုပ်ငန်းသည် အိမ်မွေးဆင်များ၏ ကျန်းမာရေး၊ ရေရှည်တည်တံ့ရေးကို ဆောင်ရွက်နေသည့်အပြင် အမျိုးသားဥယျာဉ်များ၊ သဘာဝကာကွယ်တောများ (Protected Areas) များ၏ အပြင်ဘက်တွင်ရှိသည့် တောဆင်များကို ကာကွယ်ပေးခြင်း၊ တောဆင်နှင့် လူတို့ ပဋိပက္ခများ ကာကွယ်ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့သစ်လုပ်ငန်းတွင် တောဆင်အရေးပေါ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ (Emergency Elephant Response Units) ဖွဲ့စည်းကာ သစ်တောဦးစီးဌာန၊ ကျေးလက်နေပြည်သူများနှင့် ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအား ပညာပေးခြင်း၊ ဆင်များအပေါ် နားလည်ချစ်ခင်တတ်လာစေရန် လမ်းပြပြောဆိုခြင်းနှင့် ဆင်နှင့် လူ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်နိုင်မည့် နည်းလမ်းများကို ပညာပေးခြင်း စသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ဆင်များ၏ သက်တမ်းသည် ၆၀ မှ ၇၀ နှစ်ခန့်အထိရှိပြီး အချို့ဆင်ကြီးများသည့် အသက် ၈၀ ခန့်အထိ အသက်ရှည်စွာ နေထိုင်ကြသည်။ ဆင်များ၏ ကိုယ်ဝန်ဆောင်ချိန်မှာ ၂၂ မှ ၂၃ လ ကျော်အထိရှိသည်။ ထို့ကြောင့် ဆင်တစ်ကောင်ဖြစ်တည်ရန်သည် ကြာရှည်လှသည်။ သို့သော် ဆင်တစ်ကောင်ကို အလွယ်တကူ သတ်ဖြတ်ကြခြင်းသည် နှမြောဖွယ်ဖြစ်သည်။

ဆင်များကို မွေးစမှ အသက် လေးနှစ်အထိ မိခင်ဆင်မကြီးများက စောင့်ရှောက်သဖြင့် ကလေးဟု သတ်မှတ်ကြသည်။ Calves at Heel ဟုခေါ်ဝေါ်ကြသည်။ ဆင်ကလေး လေးနှစ်ပြည့်သောအခါ ဆင်များတတ်သင့်သည့် အမိန့်နာခံမှု၊ ပေါ့ပါးသည့် ပစ္စည်းသယ်ယူမှုများအတွက် လေ့ကျင့်သင်ကြားပေးရသည်။ တစ်လခန့် ဆောင်းရာသီတောတွင်း သင်ကြားပေးရပြီး သင်ကြားတတ်မြောက်ပြီးပါက ကလေးဘဝမှ ဆင်လတ်ဘဝ၊ မြန်မာ့သစ်လုပ်ငန်းအခေါ်အရ ဝန်တင်ဆင်ဘဝ (Trained Calves) ရောက်ရှိသည်။

ဆင်ကလေးများ ၁၆ နှစ်ကျော်၊ ၁၇ နှစ်ပြည့်ပါက သစ်ဆွဲသည့်လုပ်ငန်းများကို ပေါ့ပါးစွာ သင်ယူကြရပြန်သည်။ သုံးနှစ်ခန့်သင်ယူခြင်းများ ဆောင်ရွက်ခဲ့ရပြီး ၁၈ နှစ်ပြည့်၍ သစ်ဆွဲခြင်း၊ သစ်အောင်းခြင်း စသည့် အတတ်များ တတ်မြောက်ပါက ဆင်ကြီးတန်း (Full Grown) သို့ပြောင်းလဲ၍ အလုပ်ဆင်ဝိုင်းများသို့ ပြောင်းရွှေ့ပေးရသည်။ လူကဲ့သို့ပင် ကလေး၊ မူကြို၊ အလုပ်သင်နှင့် အလုပ်ဆင်အဖြစ် အဆင့်ဆင့်ပြောင်းလဲပေးရသည်။

ဆင်များ အမည်ပေးခြင်း၊ မှတ်ပုံတင်အမှတ်သတ်မှတ်ခြင်းကို မြန်မာ့သစ်လုပ်ငန်းက ငါးနှစ်ပြည့်ပါက ဆောင်ရွက်ပေးပြီး သစ်တောဦးစီးဌာနတွင် ဂရန်များ လျှောက်ထားဆောင်ရွက်ရသည်။ မြန်မာ့အိမ်မွေးဆင်များသည် ကံကောင်းသည့်ထဲတွင် ပါဝင်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် တောတွင်းစခန်းများတွင် သဘာဝအလျောက် သွားလာနေထိုင်ကျက်စားနိုင်ကြပြီး စိတ်ကြိုက်အစားများရွေးချယ် စားသောက်နိုင်ကြသည်။ တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေး၍ လိုအပ်သည့် အစာများ ကျွေးမွေးခြင်း၊ ကုသခြင်းများ လစဉ်ဆောင်ရွက်ပေးကြသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားနိုင်ငံများရှိ အိမ်မွေးဆင်များသည် ဆင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကျောင်းများတွင် နေ့စဉ်ချည်နှောင်ကာထားရှိခြင်းခံရသဖြင့် ဆင်များ၏ စရိုက်လက္ခဏာများ ပြောင်းလဲခြင်း (Serotype changing) များ တွေ့လာရပြီး ခြေဖဝါးများတွင် အနာများဖြစ်ခြင်းနှင့် ဆင်ပေါက်များ ကြမ်းတမ်းခြင်းများကို ဖြစ်ပေါ်လာကြသည်။

**လက်ရှိအာရှဆင်များ အခြေအနေ**

လက်ရှိအချိန်တွင် တောဆင်များအနေဖြင့် စားကျက်ကျဉ်းမြောင်းလာမှု၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာမှု၊ တောရိုင်းတိရစ္ဆာန်များ ဥပဒေမဲ့ဖမ်းဆီးသတ်ဖြတ်ကာ တရားမဝင်ရောင်းဝယ်လာနေမှု၊ လူဦးရေ တိုးတက်များပြားလာသဖြင့် တောနေလူထုအနေဖြင့် တရားမဝင်တောင်ယာချဲ့ထွင်ကာ ကျူးကျော် နေထိုင်မှုများနှင့် တောရိုင်းတိရစ္ဆာန်နှင့် လူတို့ကြား ပဋိပက္ခတို့ ပွားလာလျက်ရှိသည်။ မြန်မာနိုင်ငံ၌ တောဆင်ကောင်ရေမှာ ၂၀၀၀ အောက်သို့ ကျဆင်းလာပြီး အိမ်မွေးဆင် ကောင်ရေမှာ ၅၀၀၀ ကျော်အထိ မြင့်တက်လာလျက်ရှိသည်။

အိမ်မွေးဆင်များမှာ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်သဖြင့် ဆင်ကောင်ရေ တဖြည်းဖြည်း တိုးတက်များပြားလာသော်လည်း သစ်ထုတ်လုပ်ငန်းများ လျှော့ချလာပါသဖြင့် အလုပ်အကိုင်များ လျော့နည်းလာခြင်းနှင့် ဆင်ထိန်းသိမ်းစရိတ်များ ကြီးမြင့်လာခြင်းတို့ကို ရင်ဆိုင်နေကြရသည်။ ထိုကဲ့သို့ တွေ့ကြုံရင်ဆိုင်ရခြင်းသည် မြန်မာတစ်နိုင်ငံတည်း ကြုံတွေ့နေရသည်တော့ မဟုတ်ပေ။

အာရှဒေသတွင်း အာရှဆင်ရှိသည့် ၁၃ နိုင်ငံတွင် ပါဝင်သည့် သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘူတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ နီပေါနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင်လည်း ကြုံတွေ့နေကြရသည်။ ထို့ကြောင့် ယနေ့အချိန်တွင် အာရှဒေသတွင်း ဆင်ကျွမ်းကျင်သူများအဖွဲ့နှင့် တာဝန်ရှိဌာနဆိုင်ရာများ ပူးပေါင်း၍ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး စီမံချက် (Elephant Conservation Action Plan) များကို နိုင်ငံအလိုက် ပြုစုရေးဆွဲ၍ စီမံဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတကာစံသတ်မှတ်ချက်နှင့် ဆင်**

အာရှဒေသတွင်း နိုင်ငံများတွင် ဆင်ကောင်ရေမှာ သိသိသာသာ ကျဆင်းလျက်ရှိသည်။ အထူးသဖြင့် ဗီယက်နမ်နိုင်ငံတွင် ဆင်ကောင်ရေ ကျဆင်းမှုအများဆုံးဖြစ်၍ အာရှဆင် ပြန်လည်မျိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေရသည်။ အာရှဆင်နှင့် အာဖရိကဆင်တို့တွင် အာရှဆင်မှာ ပို၍မျိုးသုဉ်းမည့် အန္တရာယ်နှင့် နီးစပ်နေသဖြင့် Convention on International Trade in endanger species of Flora and Funna (CITIES) ဖြင့် ကာကွယ်တားမြစ်ထားသည်။ အရေးကြီး ကာကွယ်ထိန်းသိမ်းရမည့် Red List Species တွင် Appendix 1 ၌ ထည့်သွင်းထားခဲ့သည်။

ဆင်များသည် သဘာဝဂေဟစနစ် (Ecosystem) ထိန်းသိမ်းရေးတွင် အရေးပါသည့် Key Species ဖြစ်သည်။ တောဆင်တစ်ကောင်၏ နေရင်းစားကျက်ဧရိယာသည် သုတေသနပြုလုပ်ချက်များအရ ၁၄၈ မှ ၇၉၂ စတုရန်းကီလိုမီတာ လိုအပ်ပြီး ၃ ဒသမ ၉ ကီလိုမီတာခန့် သွားလာကျက်စားတတ်ကြောင်း သိရသည်။ ဆင်များသည် စားကျက်နေထိုင်မှု ကျယ်ပြန့်သဖြင့် အခြားတောရိုင်းတိရစ္ဆာန်များပါ နေထိုင်ကျက်စား ရှင်သန်နိုင်ကြသည်။ ထို့ကြောင့် တောရိုင်းဆင်များ မျိုးသုဉ်းပျောက်ကွယ်ပါက အခြားတောရိုင်းသတ္တဝါနှင့် အပင်မျိုးစိတ်အချို့ပါ မျိုးသုဉ်းပျောက်ကွယ်၍ Ecosystem ပျက်စီးသွားနိုင်သည်။ အာရှဆင်များသည် အာဖရိကဆင်များထက် ပို၍လှပကာ ပုံပန်းသဏ္ဌာန်မျိုးစုံ ရှိကြသည်။

**လေ့လာရင်း ခရီးသွား**

၂၀၁၆ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံရှိ ပြည်သူအများသည် ဆင်ကို တိရစ္ဆာန်ဥယျာဉ်များတွင်သာ တွေ့မြင်ဖူးကြသည်။ ဆင်များ၏ သဘာဝ၊ ဆင်များထိန်းသိမ်းစောင့်ရှောက်မှု၊ ဆင်များကို ကာကွယ်ရန် အရေးပါမှုများကို လက်တွေ့သိမြင်နားလည်မှု နည်းပါးခဲ့သည်။

ထို့အတွက် မြန်မာ့သစ်လုပ်ငန်းတွင် ဆင်စခန်းများ ဖွင့်လှစ်ခဲ့ခြင်း၏ ရည်ရွယ်ချက်များတွင် ပညာပေးရေးလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားသည်။ မြန်မာ့သစ်လုပ်ငန်း ဆင်စခန်းများတွင် ဆင်ပြတိုက်များ ဖွင့်လှစ်၍ ဆင်များအကြောင်းကို ပြသထားပြီး ဆင်များ၏ ဓလေ့သဘာဝကို လက်တွေ့ သိမြင်နားလည်လေ့လာကာ ကာကွယ်ထိန်းသိမ်းရမည့် အသိပညာရရှိစေရန် စီမံဆောင်ရွက်ထားသည်။

သို့အတွက် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးအနီးရှိ ဝင်္ဂဘော်ဆင်စခန်း၊ ပြည်မြို့ရှိ နတ်မှော်ဆင်စခန်း၊ ပြည်ထောင်စုနယ်မြေ ငလိုက်ဆည်အနီးရှိ ငလိုက်ဆင်စခန်း၊ ပုဂံဒေသ ညောင်ဦးမြို့အနီးတွင် ပလင်းဆင်စခန်းတို့တွင် ဆင်ပြတိုက်များပြသကာ အများပြည်သူ လေ့လာနိုင်ရန် ဆောင်ရွက်ထားရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဆင်စခန်းများသို့ စိတ်အပန်းဖြေ အလည်အပတ်လာရောက်ရင်း ဗဟုသုတအဖြစ် ဆင်များအကြောင်း လေ့လာခြင်းသည် မြန်မာ့ဆင်များရေရှည်ထိန်းသိမ်းနိုင်ရေးကို အထောက်အကူပြုလျက်ရှိသဖြင့် တစ်ခေါက်တစ်ခါ လာရောက်လေ့လာ လည်ပတ်လှည့်ပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

❖ **မြန်မာ့သစ်လုပ်ငန်းတွင် ဆင်စခန်းများဖွင့်လှစ်ခဲ့ခြင်း၏ ရည်ရွယ်ချက်များတွင် ပညာပေးရေးလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားသည်။ မြန်မာ့သစ်လုပ်ငန်း ဆင်စခန်းများတွင် ဆင်ပြတိုက်များ ဖွင့်လှစ်၍ ဆင်များအကြောင်းကို ပြသထားပြီး ဆင်များ၏ ဓလေ့ သဘာဝကို လက်တွေ့သိမြင်နားလည်လေ့လာကာ ကာကွယ်ထိန်းသိမ်းရမည့် အသိပညာရရှိစေရန် စီမံဆောင်ရွက်ထား**

# ပျဉ်းမနားမြို့နယ်၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၆**



နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် ဌာနဆိုင်ရာများနှင့်အတူ ဇူလိုင် ၁၅ ရက်က ပျဉ်းမနားမြို့နယ် ကျီးဖြူရိုးကျေးရွာရှိ အမေတင့်ဘက်စုံမွေးမြူရေးခြံသို့ သွားရောက်ပြီး မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

နေပြည်တော်ကောင်စီဝင်က ကျေးလက်နေပြည်သူများအတွက် မွေးမြူရေးလုပ်ငန်းသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ရရှိစေပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မွေးမြူရေးကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကိုကိုစန်းမောင်က တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ၊ ကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါများအကြောင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြက်လည် လိမ်ရောဂါကာကွယ်ဆေး၊ မျက်စဉ်းဆေးများ အခမဲ့ ဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လက်ရှိမွေးမြူနေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကာ နေပြည်တော်ကောင်စီဝင်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အောင်ကိုကို**

**(မြန်/ဆက်)**

# မီးလောင်မှုကြောင့် ဆုံးရှုံးရသည့်အိမ်ထောင်စုများအား ကြက်ခြေနီက ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၆**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ဥယျာဉ်စုရပ်ကွက် ရွှေအိုးဘိုလမ်း၌ ဇူလိုင် ၁၅ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် နှစ်လုံး ဆုံးရှုံးခဲ့ရပြီး ထိုသို့ ဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စု နှစ်စုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သော မိသားစုသုံးပစ္စည်း တစ်စုံ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံ၊ အိမ်ဆောက်အထောက်အကူပြုပစ္စည်း တစ်စုံ၊ အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်း တစ်စုံနှင့် ရေသန့်ပုံး တစ်ပုံးတို့ကို နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချို၊ ပျဉ်းမနားမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ မြို့နယ်တပ်ဖွဲ့မှူး ဦးသန်းနိုင်နှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များက ဇူလိုင် ၁၅ ရက်က သွားရောက်ကူညီထောက်ပံ့ပေးအပ်ကြောင်း သိရသည်။(ယာပုံ)

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

*●ကျောဖုံးမှ*

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို နှစ်ဂိုးပြတ် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ဗီယက်နမ်ကို အံ့အားသင့်ဖွယ် လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ဖိလစ်ပိုင် အသင်းအနေဖြင့် ချန်ပီယံဖြစ်နိုင်ရန် ရေပန်းစားလျက်ရှိပြီး ပထမဆုံးရယူနိုင်မည့် အနေထားလည်းရှိနေသည်။

တတိယလုပွဲနှင့် ဗိုလ်လုပွဲတွင် အုပ်စုတူအသင်းများ ပြန်လည် တွေ့ဆုံခြင်းဖြစ်ပြီး အုပ်စုတွင်း တွေ့ဆုံမှုတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို လေးဂိုးပြတ်၊ ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်အတွက် အမာခံကစားသမားများ အနားပေးခဲ့သဖြင့် ဗီယက်နမ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယခုတွေ့ဆုံမှုတွင် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ **ရဲရင့်လွင်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော ဆီမီးဖိုင်နယ် ပွဲစဉ်များယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၆**

၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B) ရုံ၌ ဆက်လက်ကျင်းပသည်။ ယနေ့နံနက်ပိုင်းတွင် ဘော်လီဘော (အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲစဉ်အဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသည်။ ဇူလိုင် ၁၇ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ နံနက် ၈ နာရီမှစ၍ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား) တတိယလုပွဲအဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ (အမျိုးသမီး) တတိယလုပွဲအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

*○ကျောဖုံးမှ*

ယခုသရေပွဲမှာ ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ ပထမဆုံး သရေပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ နိုင်ပွဲပြန်လည်ရယူနိုင်ရန်အတွက် နှစ်သင်းစလုံး ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဟံသာဝတီအသင်းသည် အသစ်ခေါ်ယူထားသည့် ဂိုးသမား ပြည့်ဖြိုးအောင်ကို ပထမဆုံးအဖြစ် ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး လားဒင်မောရ၊ ထက်လင်းလင်း၊ ရွှေလှိုင်ဝင်း၊ ရဲလင်းထက်၊ ဝင်းမိုးကျော်၊ စိုးကျော်ကျော်တို့ဖြင့် တွဲဖက်ကစားစေခဲ့သည်။ ရတနာပုံအသင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ ဇော်ရဲထွန်း၊ မျိုးကိုထွန်း၊ သက်နိုင်၊ ဟိန်းနေဆန်းတို့ ပါဝင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားသော်လည်း အခွင့်အရေးများ အသုံးမချနိုင် သဖြင့် ဒုတိယပိုင်းမှ ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၅၉ မိနစ်တွင် မျိုးကိုထွန်းက ပယ်နယ်တီမှတစ်ဆင့် ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၇၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို စိုးကျော်ကျော်က သွင်းယူခဲ့သည်။ လေးပွဲစီကစားအပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် လေးမှတ်စီ ရရှိထားသည်။

ပွဲစဉ် (၄) ဒုတိယနေ့အဖြစ် ဇူလိုင် ၁၇ ရက် **(ယနေ့)** ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**


**မြေကွက်အမြန်ရောင်းမည်**

* ပြင်ဦးလွင်၊ အောင်ချမ်းသာရွာ၊ မန္တလေး-လားရှိုးလမ်းမကြီးမေးတင် ပေ(၉၀ × ၉၀) အာစီ နှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်ဖွင့်ရန်အလွန်ကောင်း။
* ပေ(၅၀ × ၁၃၅) မန္တလေး-လားရှိုးလမ်းမကြီးမေးတင် အောင်ချမ်းသာရွာ၊ ဂရန်ရှိ၊ သင့်တော်သော ညှိနှိုင်းဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အရှေ့၊ အောင်သပြေအနောက်(၁၁)လမ်း၊ မြေကွက်အမှတ်-၉၁၂/ခ၊ အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်အိမွန်ခိုင်(၁၂/ဗဟန(နိုင်)၁၀၅၃၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ၊ ရတနာလမ်း၊ တိုက်အမှတ်(၁-အေ)၊ Level-8၊ အခန်းအမှတ်(၀၈၀၈)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ဝါဝါလွင် (၁၂/သဃက(နိုင်)၀၂၆၇၄၆)ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

**အမည်ပြောင်း**

ပေါက်ခေါင်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ (ဘ)ဦးကျော်မင်းဦး ၇/ပခတ(နိုင်) ၀၄၁၉၁၄ ၏သား အထက(အိုးဘိုကုန်း) ဒုတိယတန်းမှ မောင်ဘုန်းနေခ အား မောင်ဖြိုးတေဇာအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

အမ်းမြို့၊ RAEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade–11 မှ မောင်သက်နိုင်ဦး၊ အမှုထမ်း(၂) အလယ်တန်းကျောင်း Grade– 8 မှ မောင်သက်နိုင်လင်း၊ Grade–7 မှ မမြတ်စုမွန်၊ Grade–4 မှ မမြတ်အိမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ထွေး ၁၁/အမန(နိုင်)၀၇၆၆၆၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မင်းပြားမြို့၊ တောင်ပိုင်း(မူလွန်)ကျောင်း Grade–7 အောင်မြင်သည့် မောင်အောင်သူဌေး၏ ဖခင်အမည်မှန်မှာ မောင်ခင်သန်း ၁၁/မပတ(နိုင်)၀၀၅၆၆၀ ဖြစ်ပါကြောင်း။

**အမည်မှန်**

အမ်းမြို့၊ အမှတ်(၁)အထက ကျောင်း Grade–10 မှ (ဘ)ဦးကျော် ၁၁/အမန(နိုင်)၀၄၈၇၀၀ ၏ သမီး မိုင်ဝါခေါင် ၏ အမည်မှန်မှာ မိုင်မော်နီကာပိုးပွင့်ဖြူ ဖြစ်ပါကြောင်း။
**မိုင်မော်နီကာပိုးပွင့်ဖြူ**

**အမည်မှန်**

ရသေ့တောင်မြို့နယ်နေ ဦးဇော်မြင့်ဦးနှင့် ဒေါ်ဦးမြရီ တို့၏သမီး မခင်နှင်းနှင်းဝေ(ခ) မခင်လဲ့ဝေ ၁၁/ရသတ(နိုင်)၁၁၄၂၅၇ ၏ အမည်မှန်မှာ မချယ်ရီလှိုင် ဖြစ်ပါကြောင်း။
**မချယ်ရီလှိုင်**

**မွေးသက္ကရာဇ်အမှန်**

ကျောက်တော်မြို့နယ်၊ ဒုက္ကန်ချောင်းကျေးရွာ အုပ်စု နေပူခံကျေးရွာမှ (ဘ)ဦးဦးစောလှိုင်၏ သမီး မအေးသန္တာအောင် ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၈-၂၀၀၀ ဖြစ်ပါကြောင်း။
**မအေးသန္တာအောင်**

**မွေးသက္ကရာဇ်အမှန်**

ကျောက်တော်မြို့၊ ရှမ်းရွာ ရပ်ကွက်နေ(ဘ)ဦးရွှေလှအောင်၏ သား ဦးဦးဝင်းအောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၃-၁၉၉၉ ဖြစ်ပါကြောင်း။
**ဦးဦးဝင်းအောင်**

**အမည်မှန်**

ကျောက်တော်မြို့နယ်၊ ဒုက္ကန်ချောင်းကျေးရွာအုပ်စု နေပူခံကျေးရွာမှ (ဘ)ဦးစိန်ကျော်ဝင် ၁၁/ကတန(နိုင်)၀၄၀၁၁၅ ၏သား မောင်သိန်းစိုးထွန်း ၏ အမည်မှန်မှာ မောင်သိန်းစောထွန်း ဖြစ်ပါကြောင်း။ **မောင်သိန်းစောထွန်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်
## ကြော်ငြာစာအမှတ် (၁/၂၀၂၂) လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ငွေကိုင်- ၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများ အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ (စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ရရှိပြီးသူများကို ဦးစားပေးမည်)
- (ဂ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
- (ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ရမည်။
- (စ) ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင်ရယူနိုင်ပြီး စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မိမိဖြေဆိုလိုသည့်စာစစ်ဌာန(နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံး)များတွင် Sundry Deposit A/C Miscellaneous သို့ ပေးသွင်းရပါမည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် -
- (က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်လက်မှတ်/အခြေခံပညာ အထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဂ) တက္ကသိုလ်ဝင်တန်း/ အခြေခံပညာအထက်တန်းအောင်အမှတ်စာရင်း
- (ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅) ပုံ
- (င) (၁)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း
- (စ) သက်ဆိုင်ရာ ရဲစခန်းမှ (၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဇ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

၅။ လျှောက်ထားသူများသည် လျှောက်လွှာကို မိမိလျှောက်လွှာရယူခဲ့သည့် စာစစ်ဌာန (နေပြည်တော်ဘဏ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံး)များသို့ (၁၉-၈-၂၀၂၂) ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန၊အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဌာနခွဲ/ တိုင်းဒေသကြီး/ ပြည်နယ်ရုံး၏ ထောက်ခံချက်ဖြင့်လည်းကောင်း ၁၉-၈-၂၀၂၂ ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများကို ၂၇-၈-၂၀၂၂ ရက်နှင့် ၂၈-၈-၂၀၂၂ ရက်များ၌ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောက်ပါအတိုင်း အရည်အချင်းစစ်ခြင်းပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်ခန့်ထားသည့် အမည်စာရင်းကို သက်ဆိုင်ရာစာစစ်ဌာနတွင် ထုတ်ပြန်ကြေညာ သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ (ရေးဖြေ) | ၂၇ - ၈ - ၂၀၂၂ | နံနက် (၉:၃၀) နာရီမှ (၁၀:၃၀) နာရီထိ |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) | ၂၇ - ၈ - ၂၀၂၂ | မွန်းလွဲ (၁) နာရီ မှ (၂) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ (လူတွေ့) | ၂၈ - ၈ - ၂၀၂၂ | နံနက် (၉) နာရီ |

၈။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၈-၂၀၂၂ ရက်နှင့် ၂၆-၈ -၂၀၂၂ရက်များတွင် မိမိလျှောက်ထားသည့် စာစစ်ဌာနများ၌ ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက နေပြည်တော်ဘဏ်သို့ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## 'Rethinking Tourism' ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးကို အဘက်ဘက်မှ စီမံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမြန်မာ့ရိုးရာအစားအစာများနှင့် ပွဲတော်များကို ဖော်ထုတ်မြှင့်တင်ရန်အတွက် 'Rethinking Tourism' (ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့) ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နေပြည်တော်တွင်ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အောက်ပါအတိုင်း ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပထမဆု | (၇) သိန်း |
| (ခ) | ဒုတိယဆု | (၅) သိန်း |
| (ဂ) | တတိယဆု | (၃) သိန်း |
| (ဃ) | နှစ်သိမ့်ဆု (၁၅)ဆု | (တစ်ဆုလျှင် (၁)သိန်းစီ) |

၃။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်ဖော်ပြပါလိပ်စာသို့ ၂၁-၇-၂၀၂၂ ရက်မှ စတင်၍ ပေးပို့နိုင်ပြီး ၁၂-၈-၂၀၂၂ ရက် ညနေ ၃:၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၂၀၇၀၅၃၄၂ နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၀၅၄၆၅၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်လျှောက်လွှာနှင့် စည်းကမ်းချက်များကို ဖော်ပြပါ QR Code ကို Scan ဖတ်၍လည်းကောင်း https://moht.qrd.by/PHOTO တွင် Download ရယူနိုင်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး**
**အမှတ်(၅၈/၆၀)၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/29254 ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒအောင် ၉/တကန(နိုင်)၁၁၃၃၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၁၅၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးသန်း ၁၀/ကကရ(နိုင်)၀၀၀၈၈၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁ ၊ နည်းဥပဒေ- ၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## တရားမကြီးမှုအမှတ်-၇၄၅/၂၀၁၉ နှင့်ဆက်နွယ်သည့်
## ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅

| | | |
|---|---|---|
| ၁။ ဦးတင်ခိုင် | **နှင့်** | ၁။ ဦးအေးမင်းဦး |
| ၂။ ဒေါ်အေး | | ၂။ ဒေါ်ခင်မာမြင့် |
| **တရားနိုင်များ** | | **တရားရှုံးများ** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ်တရားမကြီးမှုအမှတ် ၇၄၅ တွင် ချမှတ်ခဲ့သောဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သာပစ္စည်းကို ၂၀၂၂ခုနှစ် ဩဂုတ် ၂၂ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင်ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မဏိစန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ လူနေရပ်ကွက်၊ မြေကွက်အမှတ် (၁၂၁၆)၊ အလျား ၄၀ပေxအနံ ၆၀ပေ၊ ဧရိယာ(၀.၅၅)ဧကရှိ ဦးမြတ်ငွေးအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်"လေလံကြမ်းခင်းဈေးကျပ်သိန်း(၅၅၀)

**(ကျပ်သိန်းငါးရာ့ငါးဆယ်တိတိ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်များက တရားရုံးတော်သို့တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကြွင်း ကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံးများ၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

(၂) လေလံရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း၊ ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ် ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်း၍သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချ သည့်နေ့ကိုပယ်၍ ၁၅မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံး ရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံ တင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၁

| | | |
|---|---|---|
| ၁။ ဦးမျိုးဝင်း | **နှင့်** | ၁။ ဒေါက်တာရဲထွန်းလင်း |
| ၂။ ဦးစိန်ဝင်း | | ၂။ ဦးလှမျိုးခိုင် |
| **(လျှောက်ထားသူများ)** | | **(လျှောက်ထားခံရသူများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မင်းမနိုင်ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တိုက်(၁)၊ အခန်း(၈)နေ ဦးလှမျိုးခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါတရားနိုင်က ဤရုံးသို့တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈ အရ ဝရန်းခွာပေးပါရန်လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင်တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ခင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်-၅၅၊ မြေကွက်အမှတ်-၁၄၂၊ လူနေရပ်ကွက်အမှတ်-၅၅၊ လှော်ကား လမ်း၊ အမှတ်-၁၄၂၊ အကျယ်အဝန်း (အလျား၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးခင်မောင် ၁၂/မဂဒ(နိုင်)၀၈၆၇၀၅ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူ ဂရန်အမည်ပေါက် ဦးခင်မောင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းရွှေ ၅/ရဘန(နိုင်)၁၁၄၁၆၆ သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၇၆၉)**
**အမှတ်(၈၂)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်နိုင်ထွန်း ၅/ကလထ(နိုင်)၁၆၀၆၉၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၀၉၂၄၄**

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ အမှတ်(၁)ရပ်ကွက်နေ မချယ်ရီမော် ၈/ပခက(နိုင်)၀၀၆၃၉၄ (ဘ) ဦးလှမော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၁၉၆၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ Edumax Private School G-1မှ (ဘ)ဦးသိန်းသန်းထွန်း၏သား မောင်ဝေယံဘုန်းမြင့်အောင်အား မောင်ရွှေပြည့်မောင်မောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အမှတ်(၂၃/ဘီ)၊ သံလွင်ဥယျာဉ်လမ်း၊ အကွက်အမှတ်(၆၆/ဘိုကုန်း)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ ဘိုးဘပိုင် ထာဝရဂရန် (F.1358 D. 31/12/63) မြေသည် မော်လမြိုင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က)မှတ်ပုံတင်စာရင်းတွင် သာဂျူမာလင်အန် (ခေါ်) ဦးကျော်မြင့်အမည်ဖြင့် မှတ်သားထားရှိပါသည်။

ယခုအခါ သာဂျူမာလင်အန်(ခေါ်)ဦးကျော်မြင့်ထံမှ ဒေါ်ဂျက်ကနူးက အောက်ခြေကတိစာချုပ်ဖြင့် (၃-၁-၈၆)ရက်တွင် ဝယ်ယူကာပိုင်ဆိုင်ခဲ့ပြီး ပိုင်ဆိုင်ကြောင်းကိုလည်း တရားရုံးတွင် ကျမ်းကျိန်လွှာအမှတ်(၁၂၆/၀၈)အရ ကျမ်းကျိန်ဆိုခဲ့ပါသည်။ ထိုသို့ပိုင်ဆိုင်လာခဲ့ပြီးနောက် ဒေါ်ဂျက်ကဒူက သမီးဖြစ်သူ ဒေါ်သန်းသန်းအေးအမည်ဖြင့် မြေကွက်သက်သက်အား ချစ်ခြင်းမေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းသည့် စာချုပ်အမှတ်(၂၇၉/၂၀၀၈)အရ ပေးကမ်းခဲ့သဖြင့် ဒေါ်သန်းသန်းအေးက ပိုင်ဆိုင်လာခဲ့ပါသည်။ ဒေါ်သန်းသန်းအေးမှ ပိုင်ဆိုင်လာခဲ့သော မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ် (၆၆/ဘိုကုန်း)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ (၀.၀၆၈) ဧကရှိ ဘိုးဘပိုင်မြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက် သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၁က)၊ ဥတ္တရသီရိတောင်ရပ်ကွက်၊ ဦးပိုင်/မြေကွက်အမှတ် (OS-၅)၊ ဧရိယာ ၀ ဒသမ ၄၅၉ ဧကရှိသော နှစ်(၃၀)အငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသည့် ဒေါ်မြင့်မြင့်ဝင်း၁၂/လသန(နိုင်)၀၁၆၅၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်း အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ**
**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၇၉၂၇၁၉၉၊ ၀၉-၅၀၇၀၆၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၇၄၆၈၂ Honda Wave S 110ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်အောင်၁၀/သထန(နိုင်)၁၇၅၁၆၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်7K/2090 ယာဉ်လက်ဝယ်ရှိသူ ဦးစန္ဒီမာ ၁၀/ကမရ(နိုင်)၀၀၀၄၆၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၇၃၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်ရင် ၁၀/ကမရ(နိုင်)၁၀၉၁၇၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**တို့တပ်မတော်ဟာ အတိတ်ကာလက နိုင်ငံနဲ့လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးတွေကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သလို ယခု ပစ္စုပ္ပန်ကာလမှာလည်း နိုင်ငံနဲ့လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိတယ်။ တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှဟာ အမိနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်မှာ ဆက်လက်ရပ်တည်သွားနိုင်ဖို့ ကိုယ်ကျိုးမငဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာနဲ့ လုပ်ဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၂-၁၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၆**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## ယခုရာသီ ပထမဆုံးသရေပွဲအဖြစ် ဟံသာဝတီနှင့် ရတနာပုံ သရေကျ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့အဖြစ် ဟံသာဝတီနှင့် ရတနာပုံအသင်းတို့ ဇူလိုင် ၁၆ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ(**အောက်ပုံ**) တစ်ဂိုးစီ သရေကျခဲ့သည်။

*စာမျက်နှာ ၂၅ ကော်လံ ၂* ○



## ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၃၅၀ ခန့်အား အမျိုးသား နှစ်ဦးက သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ KBZ ဘဏ်ခွဲအမှတ်(၄၂) စက်မှုပန်းခြံ ဘဏ်ခွဲမှ ငွေကျပ်သိန်း ၁၃၅၀ ခန့်ကို အမျိုးသား နှစ်ဦးက ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် သေနတ်ပြခြိမ်းခြောက်ကာ လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် (၈) ရပ်ကွက် ၁၃၃ လမ်းနှင့်

*စာမျက်နှာ ၂၃ ကော်လံ ၁* ◆



CCTV မှတ်တမ်းပါ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)

## အာဆီယံ အမျိုးသမီးပြိုင်ပွဲ တတိယလုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်နေသည့် ၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၇ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၂၅ ကော်လံ ၁* ●

**မြင်းမူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးကို လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်အား ဦးဆောင်သူ တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် သုံးဦးအား ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ - ၂၂